ကြေးမုံ
The Mirror
၁၃မြင့်ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ရက်၊ သောကြာနေ့၊ (30-9-2005) (၄၇၃၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တိုင်းမှူး ပိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ပိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်ကြီးကိုသန့်ရှင်းသာယာလှပ၍ ရေစီးရေလာကောင်းမွန်ပြီး လမ်းများ ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၆ သို့** ❐





ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အင်းစိန်မြို့နယ် လမ်းသစ်လမ်းနှင့် နဲ့သာကုန်းရပ်ကွက် ဓမ္မာရုံလမ်းထောင့်၌ စက်ယန္တရားဖြင့် လမ်းသောရေနုတ်မြောင်း ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံသည် ခေတ်သစ်ဆီသို့ ကူးပြောင်းရန် တာစူနေပြီ

တိုးတက်ပြစ်ပေါ်နေသော အခြေအနေများနှင့် လုံးဝဆန့်ကျင်သော အစိုးရ၏ခံစာတစ်စောင်ကို မစ္စတာဟကလပ်ဟာဝဲလ်နှင့် ဘုန်းတော်ကြီး ဒက်စမွန်တူးတူးတို့၏ ဖွဲ့နွှဲကြားချက်ပြင့် ထုတ်ပြန်ခဲ့

အစိုးရ၏ခံစာတွင် မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်သော ရှုထောင့်မှ အဆိုးရွားဆုံး ပုံဖော်ထားသည့် မြန်မာနိုင်ငံအစိုးရအပေါ် သိက္ခာချရန် ထပ်မံကြိုးပမ်းမှုတစ်ရပ်အဖြစ်သာ ရှုမြင်

ရန်ကုန် စက်တင်ဘာ ၂၉

"ငြိမ်းချမ်းရေးကိုမြိမ်းခြောက်ခြင်း–ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံအပေါ် အရေးယူရန်တောင်းဆိုခြင်း" အမည်ရှိသည့် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၉ရက် ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြိုး(၅)ချက်နှင့်အညီ လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပါသည်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ဖော်ပြပါရှိသောမူနှင့် ရည်မှန်းချက်များကို သက်ဝင်ယုံကြည်မှုရှိသည့်အားလျော်စွာ ၁၉၄၈ခုနှစ်တွင် လွတ်လပ်ရေးပြန်လည်ရရှိပြီး မကြာခင်ကာလမှာပင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်တစ်နိုင်ငံဖြစ်လာခဲ့ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် ကုလသမဂ္ဂအဖွဲ့ကြီးအား အခြေခံအုတ်မြစ်တစ်ချပ်အဖြစ် ခံယူထားပါသည်။ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကို အထူးအလေးထားပြီး ယင်းနိုင်ငံများနှင့် နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်များတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁

နိုင်ငံတော် ပဋိစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရာဇဝင် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၃၀-၉-၂၀၀၅
(သောကြာနေ့)

ဒေသအကျိုးပြု ညောင်ကုန်းရေလှောင်တမံ ဖွင့်လှစ် သီးထပ်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးဖြစ်ထွန်းသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်က ရေ၊ မြေသဘာဝသယံဇာတ အခြေခံကောင်းများကို အသုံးချပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စီမံဖန်တီးပေးလျက်ရှိသည်။ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေး အခြေအနေများ တိုးတက်မြင့်မားလာစေရန်နှင့် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာစေရန် အဘက်ဘက်က အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေး အတွက် အားပေးလျက်ရှိရာတွင် စိုက်ပျိုးရေလုံလောက်စွာရရှိရေး အစီအမံများကို အဓိကထားပြီး ဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေရှားပါးသည့် ဒေသများ၌ ရေလှောင်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေရရှိရေး စီမံကိန်းများကို ဒေသ၏ အခြေအနေပေးမှုများနှင့်အညီ အကောင်အထည်ဖော်တည်ဆောက်ပေးနေကြောင်း တွေ့ရသည်။

ယင်းကဲ့သို့ နိုင်ငံတော်အတွင်း တည်ဆောက်ပေးထားသော ဆည်မြောင်းတာတမံစသည့် စိုက်ပျိုးရေးအထောက်အကူပြု ရေရရှိရေး အစီအမံများနှင့်အတူ ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံစိုက်ကွင်းကြီးများသည် နိုင်ငံတစ်ဝန်း၌ အစီအရီပေါ်ထွက်လာနေပြီ ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ပြီးစီးသွားသည့် မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ရှိ ညောင်ကုန်းရေလှောင်တမံကို စက်တင်ဘာလ ၂၄ ရက်နေ့က ဖွင့်လှစ်လိုက်သည်။

ညောင်ကုန်းရေလှောင်တမံသည် ၁၉၈၈ ခုနှစ် နောက်ပိုင်း နိုင်ငံတော်က နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည့် ၁၇၈ ခုမြောက် ရေလှောင်တမံဖြစ်သကဲ့သို့ မန္တလေးတိုင်းအတွင်း အကောင်အထည်ဖော်ပေးလိုက်သော ၄၅ ခုမြောက် ရေလှောင်တမံလည်း ဖြစ်ပေသည်။

မိတ္ထီလာခရိုင်သည် မိုးနည်းပြီး ရေရှားသည့်ဒေသဖြစ်သည့်နှင့်အညီ ပူပြင်းခြောက်သွေ့သောကြောင့် နိုင်ငံတော်က မိတ္ထီလာဒေသနှင့် မိတ္ထီလာလွင်ပြင်အတွင်း စိမ်းလန်းစိုပြည်ရေး၊ ရေရရှိရေး နည်းလမ်းများကို ရှာဖွေဖော်ထုတ်ဖန်တီးပေးလျက်ရှိရာ ယခု ဖွင့်လှစ်သည့် ညောင်ကုန်းရေလှောင်တမံသည် တစ်ခုအပါအဝင်ဖြစ်သည်။

ညောင်ကုန်းရေလှောင်တမံတည်ရှိသည့် ကျေးရွာအုပ်စုငါးခုသည် ယခင်က မိုးစပါးနှင့် မိုးနှမ်းကို မူရင်း ၂၄၂ ဧကခွဲ ပထမသီးနှံအဖြစ် စိုက်ပျိုးပြီး ဒုတိယသီးနှံအဖြစ် စပါး ၁၁၂ ဧကသာ စိုက်ပျိုးနိုင်ခဲ့သည်။ ယခုအခါ ညောင်ကုန်းရေလှောင် တမံတည်ဆောက်ဖွင့်လှစ်ပေးလိုက်သည့်အတွက် ပထမသီးနှံမိုးစပါးနှင့် မိုးနှမ်းတို့ကို ၃၇၅ ဧကအထိ ရေသွင်းစိုက်ပျိုးနိုင်မည့်အပြင် ဒုတိယသီးနှံစပါးကို ဧက ၂၀၀ အထိ ထပ်မံစိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

ညောင်ကုန်းရေလှောင်တမံသည် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ချောင်းကောက်တမံမှ ပိုလှုံရေများကို ရေသွယ်တူးမြောင်းများဖြင့် ချောင်းကောက်မှ လွှဲငင်တမံ၊ လက်ခုပ်ပင်တမံတို့မှ ညောင်ကုန်းတမံအထိ အဆင့်ဆင့်ဆက်သွယ်ရယူပြီး မိတ္ထီလာကန်သို့ ရေကူပေးသွားနိုင်မည် ဖြစ်သည်။

အဆိုပါရေလှောင်တမံသစ်ဖွင့်လှစ်နိုင်ခြင်းကြောင်း မိတ္ထီလာမြို့နေပြည်သူများ သောက်သုံးရေဂူလုံစွာရရှိနိုင်မည့်အပြင် ကန်ရေသောက်ဧရိယာများသို့လည်း စိုက်ပျိုးရေပေးဝေနိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က မိတ္ထီလာလွင်ပြင်ဒေသ စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး အကျိုးပြုဆည်တမံများကို တည်ဆောက်ဖြည့်ဆည်းပေးမှုများနှင့်အညီ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများက ဆည်ရေကို အကျိုးရှိရှိ အသုံးပြုပြီး သီးထပ်သီးနှံများကို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ငွေပဒေသာပင် ရေစက်ချပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ဝိပဿနာ ဟိတောသီအဖွဲ့၏ (၁၃)ကြိမ်မြောက် ငွေပဒေသာပင် အပင်၁၀၀ ရေစက်ချအလှူတော်ကို အောက်တိုဘာ ၉ရက်(တနင်္ဂနွေ)မှနှစ်လွှဲ ၁နာရီတွင် ဟိတောသီမဟာရုံ၌ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။ (က-၀)

မြန်မာနိုင်ငံခြန်တမ်း

ရန်ကုန် စက်တင်ဘာ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)၊ ပင်လုံတက္ကသိုလ် ပါမောက္ခချုပ် ဦးသာဦးအား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။



နယ်စပ်/စည်ပင် ဝန်ကြီး ပိုလ်မှူးကြီးသိန်းညွှန့် စည်ပင်သာယာရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်သည် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၆ရက်တွင် ဧရာဝတီတိုင်း ဒေးဒဲရုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိရာ မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့က မြို့နယ်စည်ပင်သာယာရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး မြို့လူ ထုအတွက် မြို့သာယာလုပ်ရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ပေးရန်နှင့် လုပ်ငန်းတာဝန်များကို အလေးထားပြီး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့သို့ရောက်ရှိကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ မြို့နယ်အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့က မြို့ရေပေးရေးနှင့် စည်ပင်သာယာရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြိတိုင်းဆောင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့် ကွမ်းခြံကုန်းမြို့ စည်ပင်သာယာရေးရုံးတွင် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားစဉ်။ (နယ်စပ်/စည်ပင်)



ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရ၀ါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းမေ့ ကွယ်လွန်သူ ဖခင် ဦးခေါကင်ကင်-မိခင် ဒေါ်ကျင်မွှံတို့အား ရည်စူး၍ ဦးသန်းဝင်းနှင့် ညီ၊ ညီမ မိသားစုများက ကျပ်ငါးသိန်းကို ဒုတိယဥုဏ္ဍ ဦးစင်မောင်အေးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုဘွန်ရောက်ကြောင်း တရားတော် ဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၂၉

၁၃၆၇ခုနှစ် တော်သလင်းလကွယ်နေ့ အောက်တိုဘာ ၂ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) ခင်မကန် ကျောင်းတိုက်မှ စစ်ကိုင်းဆရာတော် ဘဒ္ဒန္တဓမ္မိန္ဒ အရှင်သူမြတ်ကလည်း ကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ကချင်ပြည်နယ် မိုးညှင်းမြို့ ဓမ္မောသုခ ဝါဆိုကျောင်း ဦးစီးဝန်မန္တ နာယက မဂ္ဂဗာစရိယ အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာ အရှင်သူမြတ်က လည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံမွှေရုံကြီး၌ နိုဘွန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူမည် ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မြို့ဆရာတော် တရားပွဲ

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် မွေသီတဂူအေးရွာ ကျောင်းတိုက် ဖြူးဆရာတော်၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဓောတ (မွေစရိယ၊ နယ်လှည့် မွေကထိက)သည် အောက်တိုဘာ ၁ရက်တွင် မကွေးတိုင်း ချောက်မြို့ ပတ္တမြားရိပ်သာ၊ အောက်တိုဘာ ၂ ရက်တွင် မန္တလေးတိုင်း ညောင်ဦးမြို့ အမှတ်(၃)နယ်မြေ မဟာစည်ရိပ်သာ၊ အောက်တိုဘာ ၃ ရက်တွင် ညောင်ဦးမြို့ ဒါနဘဏ် ဆွမ်းလောင်းအသင်းတို့၌ ည ၇နာရီမှ စ၍ နိဘွန်ရောက်ကြောင်းတရားတော်များ ဟောကြားမည် ဖြစ်သည်။ (က-၀)

ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကိုယ့်အားကိုယ်ကိုး ကျော်လွှားရန် ကြိုးပမ်းလျက်ရှိ နိုင်ငံတကာ အသိုင်းအဝိုင်း၏ နားလည်စာနာမှုနှင့် ထောက်ခံအားပေးမှုများကို ကြိုဆို

❁ မြန်မာနိုင်ငံမှ

မြန်မာနိုင်ငံသည် ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အာဆီယံနှင့် ဘင်းစတက် စသည့်ဒေသတွင်း အဖွဲ့အစည်းများတွင်လည်း အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ရှိသည့် ပြည်ထောင်စု နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံသားများသည် ရေးနှစ်ပေါင်း ၂၀၀၀ ကျော်က ယဉ်ကျေးမှုအခေ့အနှစ်ကို ဆက်ခံရရှိထားသော လူမျိုးများဖြစ်ပါသည်။ ဗြိတိသျှကိုလိုနီ အုပ်ချုပ်မှုအောက်တွင် နှစ်ပေါင်း ၁၀၀ကျော် ကျရောက်ခဲ့ပြီး ကိုလိုနီနယ်ချဲ့က တိုင်းရင်းသားလူမျိုးစုများအကြား သံသယဖြစ်စေရန် မျိုးစေ့ချခဲ့ပါသည်။ ယင်းအကျိုးဆက်ကြောင့် လွတ်လပ်ရေးရပြီးချိန်မှစ၍ မကြာသေးခင်ကာလအထိ ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ကာ စစ်ဒဏ်ကြောင့် စီးပွားရေးကိုထိခိုက်စေပြီး ပုံမှန် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်ကို အဟန့်အတား ဖြစ်စေပါသည်။

၁၉၈၈ခုနှစ် မင်းမဲစရိုက်လွှမ်းမိုးပြီး နိုင်ငံတော်ပြိုကွဲတော့မည် အခြေအနေသို့ ဦးတည်လာသဖြင့် မြန်မာ့တပ်မတော်သည် နိုင်ငံတော်တာဝန်များကို မလွှဲမရှောင်သာဘဲ ရယူလိုက်ရပါသည်။ နိုင်ငံအေးချမ်း၊ ငြိမ်သက်မှုရှိလာရန်နှင့် တရားဥပဒေ ပြန်လည်စိုးမိုးရန်အတွက် အင်အားစိုက်ထုတ်ကြိုးပမ်းခဲ့ရပါသည်။

နိုင်ငံတော်အစိုးရသည် ယုံကြည်မှု တည်ဆောက်ခြင်းဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ခက်ခဲစွာ ပြန်လည်ရယူခဲ့ရပါသည်။ နိုင်ငံတော်အစိုးရ၏ စိတ်ရှည်သည်းခံ ကြိုးပမ်းအားထုတ်ချက်များကြောင့် လက်နက်ကိုင်အဖွဲ့ ၁၈ဖွဲ့ ရှိသည့်အနက် ၁၇ဖွဲ့သည် တရားဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ပါသည်။ တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရှိလာခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများစွာကို နိုင်ငံအဝန်း တည်ဆောက်နိုင်ခဲ့ပြီး အမျိုးသားရေးစိတ်ဓာတ်ကို ပြန်လည် ရှင်သန်စေနိုင်ခဲ့ပါသည်။

နိုင်ငံ၏ စီးပွားရေးသည် လွန်ခဲ့သည့်သုံးနှစ်အတွင်း ထူခြားစွာ တိုးတက်မှုရှိခဲ့ပါသည်။ ထို့အပြင် ဆည်ပေါင်း ၁၇၆ခု၊ တံတားကြီးပေါင်း ၂၀၂စင်း၊ ကီလိုမီတာပေါင်း ၆၀၀၀၀ ရှည်လျားသော ကားလမ်းများကို တည်ဆောက်ဖောက်လုပ်ခဲ့ပါသည်။ ပညာရေးကဏ္ဍတွင် နိုင်ငံတစ်ဝန်း တက္ကသိုလ် ကျောင်းအသစ် ၁၂၄ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဓာတုတ်မြောက်မှုနှုန်းမှာ ၉၄ရာခိုင်နှုန်းဖြစ်ပြီး မူလတန်းအဆင့်ကျောင်းနေနှုန်းမှာ ၉၈ရာခိုင်နှုန်းရှိပါသည်။ ကျန်းမာရေးကဏ္ဍတွင် ပြည်သူများအတွက် ဆေးရုံသစ် ၁၈၈ခုကို ဖွင့်လှစ်ပေးခဲ့ပါသည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုစုပေါင်းကျပ် ၆၈၁လီယံ သုံးစွဲခဲ့ပါသည်။

နိုင်ငံတည်ငြိမ်အေးချမ်းပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် မြို့ရွာများ စည်ကားသိုက်ဖြိုက်လာပါသည်။ စေတီပုထိုးများတွင် ဗုဒ္ဓဘာသာဝင်များ၊ ဘုရားကျောင်းများ၊ ဇလီများတွင် ဝတ်ပြုသူများနှင့် စည်ကားလျက်ရှိပါသည်။ ရာဇဝတ်မှုနှုန်း ကျဆင်းလာသဖြင့် လမ်းများပေါ်တွင် နေ့ရောညပါ ပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသည်များ လွတ်လပ်စွာ သွားလာလှုပ်ရှားနေကြရာ နိုင်ငံတွင်း ငြိမ်းချမ်းမှုရှိကြောင်း သက်သေခံလျက်ရှိပါသည်။

ယင်းအပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများရရှိပြီးနောက် နိုင်ငံတော်အစိုးရက အဆင့်(၇)ဆင့်ပါ နိုင်ငံတော်ရှေ့ဆက်သွားမည့် လမ်းစဉ်တစ်ရပ်ကို ၂၀၀၃ခုနှစ် ဩဂုတ်လက ကြေညာခဲ့ပြီး တည်တံ့ခိုင်မြဲသော အဖွဲ့အစည်းများပေါ်တွင် အခြေခံထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံထူထောင်ရန် ဦးတည်လျက်ရှိပါသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့်လမ်းစဉ်၏ အရေးကြီးသော ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပနိုင်လျက်ရှိသည်။ ယင်းညီလာခံသို့ လူထုလူဝတန်းစား အလွှာရှစ်ရပ်မှ ကိုယ်စားလှယ်ပေါင်း ၁၀၈စုံ ပါဝင်တက်ရောက်လျက်ရှိပါသည်။ ယင်းကိုယ်စားလှယ်များ၏ ၆၀ရာခိုင်နှုန်းမှာ တိုင်းရင်းသားများ ဖြစ်ကြပါသည်။ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသော လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့မှ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်လျက်ရှိကြပါသည်။ နှစ်ပေါင်းများစွာ စည်းလုံးညီညွတ်မှု ပျက်ပြားနေရာမှ တူညီသောအနာဂတ် တည်ဆောက်နိုင်ရန်အလို့ငှာ ကိုယ်စားလှယ်များက ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအသစ်အတွက် အခြေခံမူများကို ချမှတ်လျက် ရှိကြပါသည်။

ကိုယ်စားလှယ်များ သဘောတူညီသည့် အခြေခံမူများအပေါ်မူတည်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းကို ရေးဆွဲကာ ပြည်သူ့ဆန္ဒ ခံယူသွားမည်ဖြစ်ပါသည်။ ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုခဲ့ပါက နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့် ပါလီမန်အမတ်များအတွက် ရွေးကောက်ပွဲများကို ကျင်းပသွားနိုင်မည်ဖြစ်ပါသည်။ ဤသို့ဖြင့် ဒီမိုကရေစီစနစ်သို့ အဆင်ပြေချောမွေ့စွာ ကူးပြောင်းသွားနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ခေတ်အသစ်ဆီသို့ ကူးပြောင်းရန် တာစူနေပြီဖြစ်ပါသည်။

သို့ရာတွင် ယင်းအမှန်တကယ် တိုးတက်ဖြစ်ပေါ်နေသော အပြုသဘောဆောင်သည့် အခြေအနေများနှင့် လုံးဝဆန့်ကျင်သော အစီရင်ခံစာတစ်စောင်ကို မစ္စတာဗာကလပ်ဟာဗဲလ်နှင့် ဘုန်းတော်ကြီး ဒက်စမွန်တူးတူးတို့၏ ညွှန်ကြားချက်ဖြင့် ၂၀-၉-၂၀၀၅ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။ ငြိမ်းချမ်းရေးကိုမြိမ်းခြောက်ခြင်း-ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မြန်မာနိုင်ငံအပေါ် အရေးယူရန် တောင်းဆိုခြင်း အစည်ရှိသည့် အစီရင်ခံစာကို DLA Piper Rodnick Gray Cary Law Firm က ပြုစုခဲ့ပါသည်။ ယင်းအစီရင်ခံစာတွင် မြန်မာနိုင်ငံအစိုးရသည် မြန်မာပြည်သူများကိုလည်းကောင်း၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုလည်းကောင်း ခြိမ်းခြောက်လျက်ရှိသဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ယင်းကိစ္စကို ချက်ချင်း အရေးယူဆောင်ရွက်ရန် အလေးအနက်ကောင်းဆိုကြောင်း ဖော်ပြထားပါသည်။

ယင်းအစီအရင်ခံစာတွင် မြန်မာနိုင်ငံကို "Burma" ဟု သုံးစွဲထားခြင်းမှာ "Burma's democracy movement" ၏ ခေါင်းဆောင်များဟု ဆိုသူများက နှစ်သက်သည့် အခေါ်အဝေါ် ဖြစ်ခြင်းကြောင့်ဟု ဖော်ပြထားပါသည်။ "Burma" ဟူသော အခေါ်အဝေါ်မှာ ဗြိတိသျှကိုလိုနီ အုပ်ချုပ်သူများက မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ပေးခဲ့သည့် အမည်ဖြစ်ပါသည်။ ထိုသို့ ကိုလိုနီ နယ်ချဲ့က မှားယွင်းစွာ အသုံးပြုခဲ့သောအမည်ကို ထိုစဉ်က ကိုလိုနီလက်အောက်ခံဖြစ်သည့် မြန်မာပြည်သူများအနေဖြင့် ပြန်လည်ပြင်ဆင်နိုင်စွမ်း မရှိခဲ့ကြပါ။ ၁၉၈၉ခုနှစ်တွင် "မြန်မာ" ဟူ၍ အခေါ်အဝေါ် ပြန်လည်ပြောင်းလဲခဲ့ခြင်းမှာ တရားဝင်အမည်နှင့် ယင်း၏ တရားဝင်မူကို ပြန်လည် သတ်မှတ်လိုက်ခြင်းသာ ဖြစ်ပါသည်။ ကုလသမဂ္ဂနှင့် အခြားအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက မြန်မာနိုင်ငံဟုသာ ခေါ်ဝေါ်သုံးစွဲကြပါသည်။ ယင်းအမည်ကို အချို့မှအပ ကမ္ဘာ့နိုင်ငံအားလုံးနှင့် ပြည်သူများက လက်ခံအသိအမှတ်ပြုကြပါသည်။ အဆိုပါနိုင်ငံအချို့သည် ပယ်ဖျက်ထားသော အမည်ကိုသာ ပြန်လည်သုံးစွဲရန် မရမက ဆောင်ရွက်လျက်ရှိကြပါသည်။ ယင်းသို့ ပြုမူခြင်းသည် မြန်မာနိုင်ငံနှင့် ပြည်သူများအပေါ် မလေးမစား ပြုရာကျရုံသာမက မြန်မာနိုင်ငံအစိုးရကို ဆန့်ကျင်ကြောင်း ပြသလိုသဖြင့် နိုင်ငံရေးကစားကွက်အဖြစ် တမင်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

အစီရင်ခံစာတွင် မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်သောရွေထောင့်မှ အဆိုးရွားဆုံး ပုံဖော်ထားပါသည်။ အစီရင်ခံစာပါ စွပ်စွဲချက်များမှာ မည်သည့်အခြေအမြစ်မျှမရှိပါ၊ ထို့အပြင် မြန်မာနိုင်ငံအစိုးရအပေါ် လူ့အခွင့်အရေးကို အကြောင်းပြုလျက် စွပ်စွဲထားပါသည်။ ယင်းစွပ်စွဲထားသည့် အဓမ္မကျင့်မှု၊ အဓမ္မစေခိုင်းမှု၊ ကလေးသူငယ်စစ်သားများ၊ ဒုက္ခသည်များ အတင်းအဓမ္မ ပြောင်းရွေ့မှုများကို နိုင်ငံတော်အစိုးရက အခွင့်အခါသင့်တိုင်း တရားဝင်ကန့်ကွက် ပယ်ချခဲ့ပြီး ဖြစ်ပါသည်။ ယင်းစွပ်စွဲချက်များသည် အလွန်အကွဲပြဲကြီးခဲ့ထားသော မမှန်မကန်သည့် အချက်အလက်များသာဖြစ်ပါသည်။ အမှန်တကယ်တွင်မူ မြန်မာနိုင်ငံအစိုးရသည် လူ့အခွင့်အရေးကို ချီးဖောက်ခြင်း မရှိသည်သာမက နိုင်ငံတွင်း လူ့အခွင့်အရေးကို အာမခံချက်ပေးနေသော အစိုးရဖြစ်ပါသည်။ ယင်းစွပ်စွဲချက်များသည် ကျိုးကြောင်းဆီလျော်မှုလည်းမရှိပါ။ ဥပမာအားဖြင့် ကလေးသူငယ်ပေါင်း (၇၀,၀၀၀) ကို တပ်မတော်သို့ အတင်းအဓမ္မ ဝင်ရောက်စေသည်ဆိုသော စွပ်စွဲချက်သည် အစိုးရ မဟုတ်သော အဖွဲ့တစ်ဖွဲ့က ပြည်ပ၌ တပ်ပေါင်း ၂၀ခန့်နှင့် တွေ့ဆုံဆွေးမြေးရာမှ ထွက်ပေါ်လာသော စွပ်စွဲချက်မျှသာဖြစ်ပါသည်။ မကြာမီနှစ်များအတွင်းက မြန်မာနိုင်ငံမှ ဒုက္ခသည်ပေါင်း (၇၀၀,၀၀၀) ထွက်ပြေးသွားသည်ဆိုသော စွပ်စွဲချက်ကိုလည်း မည်သည့်တရားဝင်အာဏာပိုင်ကမှ အတည်ပြုခြင်း မရှိပါ။

တရားမဝင် မူးယစ်ဆေးဝါးကုန်ကူးသည်ဟု စွပ်စွဲချက်များမှာလည်း ပကတိအခြေအနေနှင့် လုံးဝကွာခြားလျက်ရှိပါသည်။ မြန်မာနိုင်ငံအစိုးရက အစိုးရက မနားမနေ ကြိုးပမ်းအားထုတ်မှုကြောင့် ဘိန်းစိုက်ပျိုးသည့်ဧရိယာများ ဆက်လက်လျော့နည်းကျဆင်းလျက်ရှိရာ ၂၀၁၄ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု လုံးဝ ပပျောက်ရမည်ဆိုသော အမျိုးသားစီမံကိန်းနှင့် ကိုက်ညီလျက်ရှိပါသည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မူဝင်ဆိုင်ရာရုံး၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ ၁၉၉၆ခုနှစ်မှ ၂၀၀၄ခုနှစ်အကြား ဘိန်းစိုက်ပျိုးမှု ၇၃ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ဖော်ပြထားခဲ့ပါသည်။ အမေရိကန်ဒေါ်လာ ၁၄ သန်း ၆၆၁ ဘီလီယံခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ၁၉ခုနှစ်ဆက်တိုက် အများပြည်သူရှေ့တွင် ဖျက်ဆီးခဲ့ရာ အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံရှိ သံတမန်အဖွဲ့များလည်း ပါဝင်ခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ဓာတုဗေဒပစ္စည်းဖြင့် ပြုလုပ်ထားသော မူးယစ်ဆေးများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ တရားဝင်ဝယ်ဆောင်ရောင်းဝယ်ခြင်းကို တားဆီးရန်အတွက် အိမ်နီးချင်းနိုင်ငံများနှင့်အတူ အရေးတကြီး ကိစ္စရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံအတွင်း ဘိန်းလုံးဂကင်းစင်သည့်ဒေသများ ကြေညာနိုင်ခဲ့ပြီး မူးယစ်ဆေးဝါး လုံးဝကင်းစင်သည့် မဟာမဲခေါင်ဒေသခွဲ ဖြစ်လာရေးအတွက် ဒေသခွဲတွင်း (၆)နိုင်ငံနှင့်လည်း နားလည်မှုစာချွန်လွှာ ရေးထိုးထားပြီးဖြစ်ပါသည်။

အစီရင်ခံစာသည် မြန်မာနိုင်ငံအစိုးရအပေါ် သိက္ခာချရန်နှင့် ထပ်မံကြိုးပမ်းမှုတစ်ရပ်အဖြစ်သာ နိုင်ငံခြားရေးဝန်ကြီးဌာနက ရှုမြင်ပါသည်။ ယင်းအစီရင်ခံစာသည် လက်ကျန် သောင်းကျန်းသူ အနည်းငယ်နှင့် နိုင်ငံခြားမှ အထောက်အပံ့ရယူနေသော ပြည်ပြေးအချို့တို့က မြန်မာနိုင်ငံအနေဖြင့် ခေတ်သစ်ဆီသို့ မကြာမီကာလအတွင်း ကူးပြောင်းသည့်အခါ ၎င်းတို့အတွက် နေရာမရှိတော့မည်ကို ကြောက်ရွံ့စိုးရိမ်ပြီး ထုတ်လွှင့်သော သတင်းများအပေါ်တွင် အခြေခံထားခြင်း ဖြစ်ပါသည်။ အဆိုပါ ပြည်ပြေးများသည် ဖုံးကွယ်ထားသော နိုင်ငံရေးရည်ရွယ်ချက်ရှိသည့် အနောက်နိုင်ငံအချို့ထံမှ အထောက်အပံ့ရရှိထားသူများသာ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံအစိုးရသည် နိုင်ငံတော်က ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကိုယ့်အားကိုယ်ကိုး ပြီး ကျော်လွှားရန် ကြိုးပမ်းလျက်ရှိပါသည်။ မိမိတို့သည် နိုင်ငံတကာအသိုင်းအဝိုင်း၏ နားလည် စာနာမှုနှင့် ထောက်ခံအားပေးမှုများကို ကြိုဆိုပါသည်။ သို့ရာတွင် ဤကဲ့သို့သော အစီရင်ခံစာများသည် အကျိုးမပြုရုံသာမက မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးသို့ ဦးတည်ကြိုးပမ်းချက်များအပေါ် အထောက်အကူမပြုပါ။ သို့ဖြစ်၍ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယင်းအစီရင်ခံစာ တစ်ရပ်လုံးကို ပယ်ချလိုက်ပါသည်။ ။

နိုင်ငံခြားရေးဝန်ကြီးဌာန
ရက်စွဲ ၂၀၀၅ခုနှစ် စက်တင်ဘာလ ၂၉ရက်

❐ ရှေ့ဖုံးမှ

ရှေ့ဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နှနှက် ၆ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းတစ်လျှောက် စက်ယန္တရားများဖြင့် နိုင်ငံလွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက် ခင်းကျင်းလျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်း

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းတား အင်းလျားကန်ပေါင်းတစ်လျှောက် ရေနတ်မြောင်းဆယ်ယူ ရှင်းလင်းလျက်ရှိသည့် အခြေအနေနှင့် အင်းလျားကန်ရေပြင် သန့်ရှင်းမှုအခြေအနေကိုလည်းကောင်း၊ ဆောင့်ဥက္ကလာပ မြို့နယ် ပါရမီလမ်းနှင့် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းများ နိုင်ငံလွန်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းထားမှု အခြေအနေကိုလည်းကောင်း၊ အင်းစိန်မြို့နယ် လမ်းသစ်လမ်းနှင့် နံသာကုန်းရပ်ကွက် ဓမ္မာရုံလမ်းဆောင့်၌ စက်ယန္တရားဖြင့် လမ်းဘေး ရေနတ်မြောင်း ဆယ်ယူ ရှင်းလင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

မှာကြား

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ခင်းကျင်းပြီးစီးသည့် ကတ္တရာလမ်းများ ရေရှည်ကြံခိုင်မှုရှိစေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းအတိုင်း စစ်ဆေးကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ပြည်သူများအပန်းဖြေ အနားယူသည့်နေရာများ၌ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းမရှိစေရေးအတွက် စည်းရုံးပညာပေးကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်မိုးမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသွင့်အတင့် ထစ်ချုန်းရွာမည်။ ရွာနေ့ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ လှိုင်မြို့နယ်လှိုင်မြင်းမိုရ် အိမ်ရာ မာတလီလမ်း တိုက်(၁၆)နေရပ်ယိလွန်သူ ခေါ်စမ်းကြည်(ခ) ခေါ်စာအား ရည်စူး၍ ဦးမြဲသွင် မိသားစုတို့က သုံးထပ်အိုးဘွား ဆေးရုံသစ်ကြီးအတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)





ပူဆယ်ဘောလုံး ပြိုင်ပွဲမှန်

အထက(၂) ပုဇွန်တောင် ကျောင်းအုပ်ကြီး၏ ကျောင်းကောင်စီခိုင်းဖူဆယ် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၂၂ရက်က ကျောင်းရှေ့တွင်ကျင်းပရာ မြို့နယ် ပညာရေးမှူး ဦးချစ်အေး အဖွင့်အမှာစကား ပြောကြားစဉ်။ (ပညာရေး)





ကန်က ကျူးဘားအပေါ် စီးပွားရေး ပိတ်ဆို့မှု အမေရိကန်ပြည်သူလူထုသာ ထိခိုက်နစ်နာ

ဟာဗာနာ စက်တင်ဘာ ၂၈

အမေရိကန်က ကျူးဘားနိုင်ငံအပေါ် စီးပွားရေးအရစစ်ဆင်နေမှုကြောင့် ကွန်မြူနစ်ကျူးဘားနိုင်ငံသို့ အလည်အပတ် လာရောက်သူ အမေရိကန်ပြည်သူများနှင့် အမေရိကန်နိုင်ငံတွင် စီးပွားရေးလုပ်ကိုင်သည့် ပြည်ပကုမ္ပဏီများအတွက် ဒဏ်ကြေးငွေ ပိုမိုပေးဆောင်နေရသဖြင့် နစ်နာနေရကြောင်း ကျူးဘားအစိုးရက အင်္ဂါနေ့တွင် ထုတ်ပြန်သည့်အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမေရိကန်ဆိပ်ကမ်းများမှ ခိုးထွက်ပြီး ကျူးဘားရေပိုင်နက်အတွင်း ဝင်ရောက်သည့် အပျော်စီးရေယာဉ် ပိုင်ရှင်များအနေဖြင့် ဒဏ်ကြေးငွေ ဒေါ်လာ ၂၅၀၀၀ ပေးဆောင်ရမည် သို့တည်းမဟုတ် ထောင်ဒဏ်ငါးနှစ်ကျခံရမည်ဟု အစီရင်ခံစာတွင် ပါရှိသည်။

ကျူးဘားနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့ထားမှုသည်စီးပွားရေးအရ စစ်ပွဲဆင်နွှဲမှုသာ ဖြစ်သည်။ အမေရိကန်အစိုးရကကျူးဘားလက်ဝဲခေါင်းဆောင် ကက်စထရိုနှင့် အစိုးရ ပြုတ်ကျရေး အတွက် ၁၉၆၂ ခုနှစ်နောက်ပိုင်းမှစ၍ ကုန်သွယ်ရေးအရ ပိတ်ပင်မှုပြုလုပ်ခဲ့သည်။

ဖြစ်တင်

ယင်းသို့ ပိတ်ပင်မှုကြောင့် ကျူးဘားနိုင်ငံတွင် အပြောင်းအလဲ တစ်စုံတစ်ရာ မပြုလုပ်နိုင်ခဲ့ဘဲ ကျူးဘားဏ်၏ စီးပွားရေးဆိုင်ရာ ဒုက္ခရောက်မှုများသည် အမေရိကန်အစိုးရကြောင့်ဟု ကက်စထရိုက ပြစ်တင်ပြောကြားနိုင်စေရန် လမ်းဖွင့်ပေးသလို ဖြစ်နေသည်ဟု ပိတ်ပင်မှုအား ဝေဖန်သူများက ပြောကြားသည်။

ပြည်ပစွဲည်များ ထိန်းချုပ်ရေးလက်အောက်ရှိ အမေရိကန်ဘဏ္ဍာရေးဂိုဏ်း ကျူးဘားနိုင်ငံသို့ အခွင့်မရှိဘဲ ခရီးသွားခဲ့မှုကြောင့် ၂၀၀၅ ခု ပထမသုံးလပတ်တွင် အမေရိကန်နိုင်ငံသား ၃၀၇ ဦးအား ဒဏ်တပ်ခဲ့သည်ဟု အစီရင်ခံစာက ဖော်ပြသည်။

ကျူးဘားသို့ အလည်အပတ်သွားသူ အမေရိကန်နိုင်ငံသား ခရီးသည် ဦးရေသည် လွန်ခဲ့သည့်နှစ်က ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်ဟု အစီရင်ခံစာတွင် ပါရှိသည်။

အမေရိကန်နိုင်ငံတွင်နေပြီးကျူးဘားသို့ အလည်အပတ်လာရောက်သည့် ကျူးဘားနိုင်ငံသား ဦးရေသည် ၅၀ ရာခိုင်နှုန်းအထိ သိသိသာသာကျဆင်းသွားခဲ့သည်ဟု ဆိုသည်။

ဘုရှ်အစိုးရက ကျူးဘားအား စီးပွားရေးအရ အရေးယူသည့် အစီအစဉ်များတွင် ကျူးဘားနှယ်ဖွား အမေရိကန်နိုင်ငံသားများက ဌာနေသို့ ခရီးသွားလာမှု သုံးနှစ်တွင် တစ်ကြိမ်အဖြစ် ကန့်သတ်မှုလည်း ပါဝင်သည်။

သွေးဆောင်

အမေရိကန်အစိုးရက ကျူးဘားအပေါ် ကုန်သွယ်ရေး အရေးယူပိတ်ဆို့မှုအား ချိုးဖောက်သည့် အမေရိကန်ကုမ္ပဏီ ၇၇ ခုအား ဒဏ်ငွေတပ်ခဲ့ပြီး ကျူးဘားနှင့်စီးပွားရေး ဖလှယ်ရန်လည်း အခြားကုမ္ပဏီများအား သွေးဆောင်ခဲ့သည်။ ***အမ်အင်အေးရိုက်တာ။***

ဝါရှင်တန်ဖြို့ အိမ်ဖြူတော်ရှေ့၌ အီရတ်စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြနေသူ တစ်ဦးအား လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးသွားသည်ကို စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



အီရတ်နိုင်ငံ ယုဖရေးတီးမြစ်ဝှမ်းဒေသတွင် လုံခြုံရေး ဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၂၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တောင်အမေရိကနိုင်ငံများ စည်းဝေးစွမ်းအင်လုပ်ငန်းများတိုးချဲ့ရန် သဘောတူ

ကာရာကတ်စ် စက်တင်ဘာ ၂၈

တောင်အမေရိကနိုင်ငံများအဖွဲ့ (စီအက်စ်အင်ဒ်)ပူးပေါင်း၍ စွမ်းအင်လုပ်ငန်းများတိုးချဲ့ရန် အဆိုပါ နိုင်ငံများအဖွဲ့က သဘောတူညီခဲ့ကြသည်ဟု ဗင်နီဇွဲလားးစွမ်းအင်နှင့် ရေနံဝန်ကြီးရာဖလ်ရာမီရာဇ်က တနလ်ာနေ့တွင် ပြောကြားခဲ့သည်။

ဒေသတွင်းရှိ စက်မှုစွမ်းအင်လုပ်ငန်းများတွင် ပိုမိုတိုးတက်ရန်နှင့် စီအက်စ်အင်ဒ်အဖွဲ့ဝင်များအကြား နှစ်ဦးနှစ်ဖက် အကျိုးရှိရန်အတွက် ရေနံလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် ဝန်ကြီးများက သဘောတူညီခဲ့ကြသည်ဟု စီအက်စ်အင်ဒ်အဖွဲ့၏ စွမ်းအင်ဝန်ကြီးများ ဆွေးနွေးပွဲအပြီးတွင် ရာမီရာဇ်က ပြောကြားခဲ့သည်။

စွမ်းအင်ကဏ္ဍ ပိုမိုတိုးတက်လျှင် စီအက်စ်အင်ဒ်နဖွဲ့ဝင်နိုင်ငံများလည်း ပိုမိုအကျိုးရှိလာမည် ဖြစ်ကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအင်ကဏ္ဍသည် မရှိမဖြစ်လိုအပ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

နိုင်ငံအားလုံးတွင် စွမ်းအင်အရင်းအမြစ်များရှိကြောင်း၊ ကျွန်ုပ်တို့နိုင်ငံများတွင် စွမ်းအင်တိုးချဲ့မှု မူဝါဒတစ်ရပ်ချမှတ်ရာတွင် ထိုစွမ်းအင်အရင်းအမြစ်သည် အခြေခံကိစ္စရပ်တစ်ခုဖြစ်ကြောင်း ဗင်နီဇွဲလား နိုင်ငံခြားရေးဝန်ကြီး ရိုဒရီဂျဲဇ်က ပြောကြားသည်။

ကြိုတင်ညှိနှိုင်း

စက်တင်ဘာ ၂၉ရက်မှ ၃၀ရက်အထိ ဘရာဇီးနိုင်ငံ ဘရာဇီးလီးယားပြို့၌ စီအက်စ်အင်ဒ်နိုင်ငံသီဘီးဆွေးနွေးပွဲကျင်းပရန်အတွက်ပဏာမအစည်းအဝေးတစ်ရပ်ကို စွမ်းအင်ဝန်ကြီးများ ပါဝင်သော အဖွဲ့က ကြိုတင်ညှိနှိုင်းစည်းဝေးခဲ့ကြခြင်းဖြစ်သည်။ ထိုပဏာမ အစည်းအဝေးသို့အာဂျင်တီးနား၊ ဘိုလီးဗီးယား၊ ကိုလံဘီယာ၊ ချီလီ၊ အီကွေဒေါ်၊ ဂိုင်ယာနာ၊ ပါရာဂွေး၊ ပီရူး၊ ဆူရိနမ်၊ ဥရုဂွေးနှင့် ဗင်နီဇွဲလား စသည့်နိုင်ငံတို့မှ ဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

ဗုံးဖောက်ခွဲမှုကြောင့် အီရတ်ရဲတပ်သားသစ် ၁၀ ဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၈

ဗုံးဖောက်ခွဲရေးသမားက ဘဂ္ဂဒက်ဖြို့တော် မြောက်ပိုင်းရှိ ဘာကူဘာဖြို့မှ ရဲတပ်သားသစ်ရာချီ၍ ရှိနေသော လူအုပ်စုအတွင်း အင်္ဂါနေ့က ဗုံးဖောက်ခွဲခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖောက်ခွဲမှုကြောင့် လူ ၁၀ ဦး သေဆုံးပြီး လူ ၂၀ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု ကနဦးရောက်ရှိလာသည့် သတင်းများအရ သိရသည်။

ဗုံးဖောက်ခွဲသူက လျှပ်တစ်ပြက်တွင်ပြန်ရေးတပ်ဖွဲ့ စုဆောင်းရေးဌာနအား တိုက်ခိုက်ခြင်းဖြစ်သည်။ ယင်းဌာနက လက်ရွေးစင်ရဲတပ်ဖွဲ့များအား လေ့ကျင့်သင်တန်းပေးနေသည့်ဌာနဖြစ်သည်။

လူသေဆုံးမှုများမြင့်တက်လာနိုင်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးဖောက်ခွဲသူက အဝတ်နက်ဝတ်ဆင်လာပြီး ရဲတပ်ဖွဲ့အနီး ခြေကျင်လျှောက်ကာ ချဉ်းကပ်လာခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်မှ ဂျက်ဖ်ယန်းက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

စုဆောင်း

ရဲတပ်ဖွဲ့က ပုံမှန်အားဖြင့် တစ်လလျှင်နှစ်ကြိမ် သင်တန်းသားများ စုဆောင်းလျက်ရှိသည်ဟု ဂျက်ဖ်ယန်းက ပြောကြားသည်။ တပ်သားသစ်များသည် ဘဂ္ဂဒက်ဖြို့မြောက်ပိုင်း မိုင် ၄၀အကွာရှိ လူစည်ကားရာ လမ်းတစ်လျှောက် တန်းစီလေ့ရှိကြသည်။ ***အမ်အင်အေးရိုက်တာ။***

မော်တော်ယာဉ်တန်း ဗုံးဖောက်ခွဲခံရ အရပ်သားငါးဦးဒဏ်ရာရရှိ၊ ကားများပျက်စီး

ဘဂ္ဂဒက် စက်တင်ဘာ ၂၈

ပြည်ပလှုံ့ဖြေးကန့်ထရိုက်လုပ်ငန်းရှင်များ စီးနေကျမော်တော်ယာဉ်တန်းတစ်ခုအား ပစ်မှတ်ထား၍ ဘဂ္ဂဒက်ဖြို့လယ်ရှိ နီဒယ်ရင်ပြင်တွင် အင်္ဂါနေ့က ဗုံးဖောက်ခွဲခဲ့ရာ အီရတ်အရပ်သားငါးဦးထိခိုက်ဒဏ်ရာရရှိသွားကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

ထောင်ချောက်ဗုံးထည့်ထားသည့် မော်တော်ယာဉ်တစ်စီးနီဒယ်ရင်ပြင်ရှိ လမ်းတစ်ဖက်တွင် ရပ်ထားရာမှ ဖော်ပြပါ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာစဉ် ဗုံးဖောက်ခွဲခြင်းဖြစ်သည်ဟု ဗိုလ်ကြီး အာမက်အမွှေသလာက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။ ယင်းပေါက်ကွဲမှုကြောင့် ပြည်ပနိုင်ငံသားသေဆုံးမှုရှိမရှိ မသိရသေး။ သို့ရာတွင်အရပ်သားငါးဦး ထိခိုက်ပြီး ယာဉ်အများအပြား ပျက်စီးသွားခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေးဆင်ဟွာ။***

ပေါ်တူဂီတွင် မီးလောင်မှုဖြစ်ပွားသားအမိန့်ခံဦး သေဆုံး

လစ္စဘွန်း စက်တင်ဘာ ၂၉

ပေါ်တူဂီနိုင်ငံ ဖြို့တော်လစ္စဘွန်းအနီးရှိ ဖြို့တစ်ဖြို့တွင် ကြာသပတေးနေ့က မီးလောင်မှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦးနှင့် သူမ၏ ငါးနှစ်အရွယ်ကလေးငယ်တို့ သေဆုံးရကြောင်း မီးသတ်ဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လစ္စဘွန်းဖြို့အနောက်ဘက် ၁၂မိုင်ခန့်အကွာ ကက်စ်ကိုင်းဖြို့ရှိ ရပ်ကွက်တစ်ခုတွင် ကြာသပတေးနေ့ နံနက် ၅နာရီခန့်၌ မီးလောင်မှုစတင်ခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရာ တဲအိမ်တွင် နေထိုင်သည့် သားအမိနှစ်ဦး သေဆုံးကြောင်း၊ ယင်းတဲအိမ်အတွင်းရှိနေသူများကို မီးသတ်သမားများက ကယ်တင်ပေးနိုင်ငံစွမ်းမရှိခဲ့ကြောင်း မီးသတ်ဌာနလက်ထောက်အကြီးအကဲ ဟိုဆေးလီဒီက တီအက်စ်အက်ဖ်ရေဒီယိုသို့ ပြောကြားသည်။ ***အမ်အင်အေးရိုက်တာ။***

အီဂျစ်နိုင်ငံသားတစ်ဦး ဘဂ္ဂဒက်၌ ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၂၈

မည်သူမည်ဝါမှန်းမသိရသော လက်နက်ကိုင်များက အီဂျစ်နိုင်ငံသားတစ်ဦးအား ဘဂ္ဂဒက်တွင် တနလ်ာနေ့က ပြန်ပေးဆွဲခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းသည် အီရတ်နိုင်ငံသားမိတ်ဆွေတစ်ဦးနှင့်အတူ ဘီအမ်ဒဗလျူယာဉ်ဖြင့် ခရီးသွားလာစဉ် ပြန်ပေးဆွဲခံခဲ့ရသည်။ လက်နက်ကိုင်များက သေနတ်ဖြင့်ချိန်ရွယ်ပြီး အီဂျစ်နိုင်ငံသားအား ခေါ်ဆောင်သွားကာ အီရတ်နိုင်ငံသားကို ထားခဲ့သည်ဟု ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

ဖွင့်လှစ်လုပ်ကိုင်

ပြန်ပေးဆွဲခံရသူသည် အီဂျစ်လူမျိုးပိုင် မိုဘိုင်းဖုန်းကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ကိုင်နေသူဖြစ်သည်။ ယင်းကုမ္ပဏီမှာ အီရတ်နာဖြစ်ပြီး အီရတ်တွင် ဖွင့်လှစ်လုပ်ကိုင်နေခြင်း ဖြစ်သည်။ အီရတ်နာကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူကမူ ၎င်းဌာနမှ ဝန်ထမ်းမဟုတ်ဟု ပြောကြားသည်။

ပြန်ပေးဆွဲခံခဲ့ရသည့် ဖော်ပြပါ အီဂျစ်နိုင်ငံသား အင်ဂျင်နီယာသည် အီရတ်နာကုမ္ပဏီမှ ဝန်ထမ်း မဟုတ်ကြောင်း၊ သို့ရာတွင် ဘဂ္ဂဒက်တွင် အီရတ်နာကုမ္ပဏီ၏ ကန်ထရိုက်လုပ်ငန်းအဖြစ် အခြားသော ကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူ ဟာနာဖီက ပြောကြားသည်။ ***အမ်အင်အေးရိုက်တာ။***

အခွန်အကောက်နှုံ့မဆိုင်သော အတားအဆီးများ ပယ်ရှားရေး အာဆီယံ အထွေထွေအတွင်းရေးမှူး ပြောကြား

ဗီယင်ကျန်း စက်တင်ဘာ ၂၉

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအတွင်း ကုန်သွယ်မှုခိုင်မာရေးနှင့်တကွ အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသ (အက်ဖ်တ)အုပ်စုတွင်းတွင် အခြားလွတ်လပ်သော ကုန်သွယ်ရေးဒေသများနှင့် ပြိုင်ဆိုင်နိုင်စွမ်းဖြင့်တင်ရေးတို့အတွက် အခွန်အကောက်နှင့် အခွန်အကောက်နှုံ့မဆိုင်သော အတားအဆီးများကို ဖယ်ရှားပစ်ရမည်ဖြစ်ကြောင်း အာဆီယံ အထွေထွေအတွင်းရေးမှူး အွန်ကင်ဟုန်က ဗီယင်ကျန်းဖြို့၌ အင်္ဂါနေ့က ပြောကြားလိုက်သည်။

(၁၉)ကြိမ်မြောက် အက်ဖ်တာ ကောင်စီ အစည်းအဝေးအပြီးတွင် ပြုလုပ်သော သတင်းစားရှင်းလင်းပွဲတွင် မစ္စတာအွန်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ယခုအခါ အရေးအကြီးဆုံးအရာမှာ အက်ဖ်တာကန့်သတ်ချက်များ၊ အထူးသဖြင့် အခွန်အကောက်နှုံ့ မဆိုင်သော အကန့်အသတ် အတားအဆီးများကို နည်းနိုင်သမျှ နည်းပါးအောင် ဆောင်ရွက်ရန်ပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လာအို ဒုတိယဘဏ္ဍာရေးဝန်ကြီး ဆမဒ်ဒီဗွမ်ဒီကလည်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ) ပစ္စည်းများအပေါ် အခွန်အကောက်အပါအဝင် အခွန်များလျှော့ချဖယ်ရှားရေးတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများက များစွာ ဆောင်ရွက်နိုင်ကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

လွန်ခဲ့သည့်နှစ်က အာဆီယံ၏ ကုန်သွယ်ရေးပမာဏမှာ ပထမဆုံးအကြိမ် အဖြစ် အမေရိကန်ဒေါ်လာ တစ်ထရီလီယံကျော်လွန်ခဲ့ကြောင်း၊ ပို့ကုန် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၅၅၀ ဒသမ ၆ ဘီလီယံအထိရှိလာပြီး ၂၀ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာသည်။ သွင်းကုန်တန်ဖိုးတွင် အမေရိကန်ဒေါ်လာ ၄၉၂ ဒသမ ၃ ဘီလီယံအထိရှိလာကာ ၂၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ကြောင်း အာဆီယံ အထွေထွေ အတွင်းရေးမှူးက ထုတ်ဖော်ပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီသီယိုးပီးယားတွင် ဘက်စုံသုံးရေကာတာ တည်ဆောက်မည်

အဒစ်အဘာဘာ စက်တင်ဘာ ၂၈

အီသီယိုးပီးယားနိုင်ငံသည် အမေရိကန်ဒေါ်လာ သန်း ၈၀၀ အကုန်အကျခံပြီး နိုင်ငံအတွင်း အကြီးဆုံးဖြစ်သည့် ဘက်စုံသုံး ရေကာတာတစ်ခု တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း ရေအရင်းအမြစ်များ ဝန်ကြီးဌာနက အင်္ဂါနေ့တွင် ကြေညာသည်။

ဘက်စုံသုံး ရေကာတာသည် လာမည့်နှစ်များအတွင်း တည်ဆောက်မည့် ရေကာတာများ၏ တစ်စိတ်တစ်ဒေသ ဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ယင်းစီမံကိန်းသည် အီသီယိုးပီးယား၊ ဆူဒန်နှင့်အိဂျစ်နိုင်ငံတို့ ၂၀၀၁ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ကြသော သဘောတူညီချက်မှ ပေါ်ပေါက်လာသည့် အကျိုးဆက်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။



တရုတ်နိုင်ငံ ပေကျင်းမြို့ တီယန်မင်ရင်ပြင်ကို စက်တင်ဘာ ၂၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဟောင်ကောင်သို့ ထိုင်းခရီးသွားဦးရေ ၂၄ ရာခိုင်နှုန်း ပိုမိုလာရောက်မည်ဟုခန့်မှန်း

ဗန်ကောက် စက်တင်ဘာ ၂၇

ဟောင်ကောင်သို့ ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်လာရောက်မှုနှုန်းသည် ယခုနှစ်တွင် ၂၄ ရာခိုင်နှုန်း တိုးတက်လာဖွယ်ရှိကြောင်း၊ ၎င်းတို့လာရောက်မှုကြောင့် ဘတ်ငွေ ၈ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၁၅ သန်း) ရရှိဖွယ်ရှိကြောင်း ကာဆီကွန်သုတေသနဌာန(ကောအာစီ)၏ မှတ်တမ်းကို ကိုးကား၍ တနင်္လာနေ့တွင် ထွက်ပေါ်လာသောသတင်း၌ ရေးသားဖော်ပြထားသည်။

တိုးတက်များပြား

ကောအာစီအဖွဲ့သည် ဗန်ကောက်တွင် အခြေစိုက်သော သုတေသနရုံးဖြစ်သည်။ ဟောင်ကောင်သည် နိုင်ငံခြားသားခရီးသွားဧည့်သည်များနှင့် ဈေးဝယ်ထွက်သူများအတွက် ရေးယခင်ကတည်းက ကျော်ကြားခဲ့သည်။ ဟောင်ကောင်ကျွန်းသို့ လာရောက်သူ ခရီးသည်ဦးရေသည် ယခင်ငါးနှစ်တာကာလကတည်းကပင် တိုးတက်များပြားလာခဲ့သည်ဟု အဆိုပါအဖွဲ့က ပြောကြားသည်။

စီးပွားရေးကျွန်းဖြစ်သော ဟောင်ကောင်သို့ ၂၀၀၄ ခုနှစ်တွင် ထိုင်းခရီးသွား ဧည့်သည်များ ရောက်ရှိလာမှုများမှ ဘတ်ငွေ ၆ ဒသမ ၈၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၇၁ သန်း) ရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြက်ငှက်တုပ်ကွေးရောဂါ ပြန့်ပွားမှု ပမျောက်ရေး ငွေကြေးအများအပြား သုံးစွဲရန် လိုအပ်လျက်ရှိ

ရောမ စက်တင်ဘာ ၂၉

လူသားများအား ကူးစက်ရောဂါတစ်ခုအဖြစ် ဘေးဒုက္ခပေးခဲ့ပြီး တိရစ္ဆာန်များအား ကူးစက်နေသည့် ကြက်ငှက်တုပ်ကွေးရောဂါ သံသရာလည်ပတ်မှုရပ်ဆိုင်းစေရေးအတွက် ငွေကြေးအများအပြားသုံးစွဲရန် လိုအပ်နေကြောင်းဖြင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

တိရစ္ဆာန်များတွင် ကူးစက်သည့် တုပ်ကွေးရောဂါအား လာမည့်သုံးနှစ်အတွင်း တိုက်ဖျက်ရန်အတွက် အက်ဖ်အေအို၏ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ရရှိရန် မေလအတွင်းက မေတ္တာရပ်ခံခဲ့သော်လည်း ယခုအချိန်အထိ တုံ့ပြန်မှုမှာ အေးတိအေးစက်ဖြစ်နေသည်ဟုအက်ဖ်အေအိုကပြောကြားသည်။

ရည်လျားနေ

ကြက်ငှက်တုပ်ကွေး တိုက်ဖျက်ရန် အတွက် ကာကွယ်ဆေးထိုးမည့် အစီအစဉ်များအတွက် နောက်ထပ်ငွေကြေးဖြည့်ဆည်းမှုမရှိပါက ဆောင်းရာသီအတွင်း ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှု သံသရာ ဆက်လက်ရှည်လျားနေမည်ဖြစ်ပြီး ရပ်ဆိုင်းနိုင်မည်မဟုတ်ဟု ယင်းအဖွဲ့က ပြောကြားသည်။

အန္တရာယ်ဖြစ်

နိုင်ငံအများအပြားတွင် တိရစ္ဆာန်များအား ကူးစက်နေသည့်တုပ်ကွေး ဗိုင်းရပ်ပိုးပျံနှံ့မှုသည် အနီးကပ်နေထိုင်သော လူသားများထံ ပျံနှံ့ကူးစက်နိုင်သော ကူးစက်ရောဂါတစ်ရပ်အဖြစ် အဓိက အန္တရာယ်ဖြစ်လျက်ရှိသည်ဟု အက်ဖ်အေအိုအဖွဲ့ အစီရင်ခံစာတွင် ဖော်ပြထားသည်။

စိုးရိမ်

လူနှစ်ဦး ရောဂါကူးစက်ခံရလျှင် လူတစ်ဦး သေစေနိုင်သည့် စွမ်းအားရှိသော အိပ်ချ်-၅ အင်-၁ ဗိုင်းရပ်ပိုးသည် လူသားများထံ အလွယ်တကူ ကူးစက်နိုင်စွမ်းရှိပါက ကူးစက်ရောဂါ တစ်ရပ်အဖြစ် ရောက်ရှိလာနိုင်သည်ကို ကျွမ်းကျင်သူများက စိုးရိမ်လျက်ရှိကြသည်။

အမ်အင်အေ၊ရိုက်တာ။



ဗီယက်နမ်နိုင်ငံတွင် အပြင်းထန်ဆုံး တိုက်စော်သွားသော ဒဏ်ရေးမုန်တိုင်းကြောင့် ရေကြီးမှုနှင့် ကြွေ့ကွေ့နေရသည့် နိုင်ငံအရှေ့ပိုင်း တစ်နေရာကို စက်တင်ဘာ ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အပြည်ပြည်ဆိုင်ရာ ကော်ဖီအဖွဲ့ ဈေးကွက်မြှင့်ရန် စီစဉ် တရုတ်ဈေးကွက်တွင် ဘဲဥခဲ့မည်

ဆလဗာဒရာ(ဘရာဇီး) စက်တင်ဘာ ၂၉

ရိုးရာလက်ဖက်ခြောက်သာ သုံးစွဲလေ့ရှိသော တရုတ်နိုင်ငံသည် ကမ္ဘာ့ကော်ဖီဝယ်လိုအားမြှင့်တင်ရန် အပြည်ပြည်ဆိုင်ရာ ကော်ဖီအဖွဲ့ (အိုင်စီအို)၏ မဟာဗျူဟာမြောက်ရပ်တွင် ၎င်းတို့နိုင်ငံလည်း တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်လျက်ရှိသည်ဟု အိုင်စီအိုအဖွဲ့၏ အလုပ်အမှုဆောင် အိုဆိုရီတိုက စက်တင်ဘာ ၂၆ ရက်တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင် ကော်ဖီသုံးစွဲမှုသည် ပမာဏနည်းသေးသော်လည်း နှစ်စဉ် ၁၅ ရာခိုင်နှုန်းဖြင့် တိုးတက်လျက်ရှိသည်။ ကမ္ဘာတွင် ကော်ဖီသုံးစွဲမှုတိုးတက်နှုန်းသည် နှစ်ရာခိုင်နှုန်းဖြင့်သာ တိုးတက်လျက်ရှိသည်ဟု သတင်းစာရှင်းလင်းပွဲ၌ အိုဆိုရီက ပြောဆိုခဲ့သည်။

ပိုမိုတွင်ကျယ်

တရုတ်နိုင်ငံ စီးပွားရေးတံခါးဖွင့်ပေးခဲ့ခြင်းကြောင့် ထိုနိုင်ငံ၏ ကော်ဖီဈေးကွက်သည် ပိုမိုတွင်ကျယ်လာခဲ့သည်ဟု ၎င်းက ဆိုသည်။

အဆိုပါ ကော်ဖီသုံးစွဲသူ ဈေးကွက်သည် တရုတ်တစ်နိုင်ငံလုံးရှိ လူဦးရေ ၁ ဒသမ ၂ ဘီလီယံအတွက် ဖြစ်နိုင်မှု မရှိသော်လည်း တရုတ်လူဦးရေ သန်း ၂၀၀ မှ သန်း ၂၅၀ အထိ ဈေးကွက်တိုးချဲ့ရန်မှာမူ ဖြစ်နိုင်ခြေရှိကြောင်း အိုဆိုရီက ပြောကြားသည်။

ကမ္ဘာတွင် ကော်ဖီအများဆုံး သုံးစွဲသော ဈေးကွက်သည် အမေရိကန်နိုင်ငံ ဈေးကွက်ဖြစ်သည်။ တရုတ်ဈေးကွက်သည် ထိုဈေးကွက်နီးပါး ကျယ်ပြန့်လာစရာရှိကြောင်း ၎င်းက ဆိုသည်။

၁၉၈၀ ပြည့်နှစ် ကာလကတည်းက အိုင်စီအိုအဖွဲ့သည် တရုတ်နိုင်ငံ၏ ကော်ဖီဈေးကွက်သို့ ဝင်ရောက်ခဲ့ပြီး နိုင်ငံတကာမှ ကော်ဖီလုပ်ငန်းများသည်လည်း တရုတ်နိုင်ငံသို့ ဝင်ရောက်ခဲ့ကြသည်။ ထိုအခြေအနေကြောင့် ၎င်းနိုင်ငံတွင် ကော်ဖီသုံးစွဲမှု များပြားလာခြင်းဖြစ်ကြောင်းနှင့် အနာဂတ်တွင်လည်း တရုတ်နိုင်ငံတွင်း ကော်ဖီဈေးကွက် အားကောင်းလာကာ တိုးချဲ့နိုင်စရာရှိကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ရှေးယခင်က တည်းက လက်ဖက်ခြောက်ကိုသာ သုံးစွဲခဲ့သော နိုင်ငံဖြစ်ပြီး ကော်ဖီဈေးကွက် တိုးချဲ့နိုင်ရန်အတွက် သုံးစွဲသူများကို အသိပညာပေး အစီအစဉ်များဖြင့် ဈေးကွက်ချဲ့ထွင်ရန် လိုအပ်ကြောင်း၊ အိုင်စီအိုအဖွဲ့၏ လေ့လာချက်များတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ထူးကဲမွန်မြတ်လှသော ထာဝရအလှူ

တက္ကသိုလ်လှမောင်

တစ်နေ့...မနှံ့လေးမှာနေတဲ့ ကျွန်တော့်ညီမထံမှ တယ်လီဖုန်း လာပါသည်။

"ကိုလေး...အခုအိမ်မှာ ရေတာရှည်ကအဖွဲ့တွေ ရောက်နေတယ်။ ရေတာရှည် ဘိုးဘွားရိပ်သာအတွက် အလှူလာခံကြတာ၊ ဆရာမ ခေါ်လိုအောင်လည်းပါတယ်"

ကျွန်တော် မနှစ်က ရိပ်သာဘိုးဘွားသခ္ခါအားဖြင့်ဆိုသည့် သတင်းစာဆောင်းပါးလေးတစ်စောင် ရေးခဲ့ပါသည်။ ကျွန်တော်တို့ ရေတာရှည်မြို့နယ်အသင်း (ရန်ကုန်)မှ ကျွန်တော်အပါအဝင် ကိုယ်စားလှယ်အဖွဲ့သည် ရေတာရှည်မှာ ဘိုးဘွားရိပ်သာ တည်ဆောက်နိုင်ရေးအတွက် သွားရောက်ညှိနှိုင်းခဲ့ပါသည်။ "မိုး" တည်းခိုရိပ်သာပိုင်ရှင် ဦးမြင့်က မြေနေရာလှူသည့်အတွက် ကျွန်တော်တို့ ထိုမြေနေရာသို့သွားရောက်ပြီး "ဘိုးဘွားရိပ်သာမြေနေရာ"ဟု ဆိုင်းဘုတ်တင်ပွဲလေးလုပ်ခဲ့ပါသည်။ **"သက်ကြီးရွယ်အို၊ နေလည်းညှိပေါ့၊ ကွန်းခိုနားရာ၊ မရှိပါဘို့၊ ရိပ်သာဘိုးဘွား၊ သခ္ခါအားဖြင့်၊ ဦးများပိုင်းလို့ တည်ဆောက်ကြပါစို့"** ဆိုပြီး တိုက်တွန်းရေးသားခဲ့ပါသည်။

ယခုတော့ စေတနာသခ္ခါထက်သန်စွာဖြင့် လူဒါန်းကုသိုလ် ပါဝင်ခဲ့ကြရာ ဘိုးဘွားရိပ်သာကြီးပြီးစီးသလောက် ဖြစ်နေပါ့မည်။ ဦးတုံစိန်–ဒေါ်မရှင်၊ သားသမီးတစ်စုတို့မှ သိန်းတစ်ရာ လူဒါန်းငွေအပါအဝင် အလှူရှင်အပေါင်း၏ သခ္ခါတရားတို့ကြောင့် **"ဘိုးဘွားရိပ်သာကြီး"** ပေါ်ပေါက်လာခဲ့ရပေပြီ။ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

ဘိုးဘွားရိပ်သာ တည်ဆောက်လူဒါန်းရသော ကုသိုလ်သည် ထူးကဲမွန်မြတ်သော ထာဝရအလှူဖြစ်ပါသည်။ မြတ်စွာဘုရားက ထာဝရအကျိုးဖြစ်သော အလှူခြောက်မျိုးကို ဟောကြားခဲ့ပါသည်။

၁။ သစ်သီးအရန်၊ ပန်းအရန် စိုက်ပျိုးလူဒါန်းခြင်း၊
၂။ အရိပ်ကောင်းဖြစ်ထွန်းရှိပါစေ ဟူသော စေတနာဖြင့် သစ်ပင် စိုက်ပျိုးလူဒါန်းခြင်း၊
၃။ တံတားခင်း၍ လူဒါန်းခြင်း၊
၄။ ရေအိုးစင်တည်ထားလူဒါန်းခြင်း၊
၅။ ရေထွင်း၊ ရေကန်၊ ဆည်မြောင်းစသည်တူးဖော်၍လူဒါန်းခြင်း၊
၆။ ၃၊ ကျောင်း၊ ပြာသာဒ်၊ ဇရပ်၊ တန်ဆောင်း အဆောက်အအုံ စသည်တို့ကို လူဒါန်းခြင်း ဟူ၍ ဖြစ်ပါသည်။

ဘိုးဘွားတို့အတွက် သခ္ခါကြည်ဖြူ အဆောက်အအုံ လူဒါန်းရခြင်းသည် ထာဝရကုသိုလ်ဖြစ်နေသော အလှူဖြစ်ပါသည်။

ကျွန်တော်တို့ လူ့ဘဝကိုရောက်လာရခြင်းမှာ လူ့ဘဝကိုရထိုက်သော ကုသိုလ်စိတ်များကြောင့် ရောက်လာရခြင်းဖြစ်ပါသည်။ ကုသိုလ်ကြောင့် ရောက်လာရသောဘဝမှာ ကုသိုလ်တွေဆက်ပြုမှ ဘဝသည် တစ်ဆင့် ထက်တစ်ဆင့် မြင့်သည်ထက်မြင့်သွားမည်ဖြစ်ပါသည်။ အလှူဒါနကုသိုလ်တွေ ဆက်ပြုရမည်။ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တွေ ဆက်ပြုရမည်။ ကုသိုလ်ဆက်ပြတ်သွား၍မဖြစ်၊ ကုသိုလ်တရားနှင့် ပတ်သက်၍ ပုဂ္ဂိုလ်လေးမျိုးကိုဟောကြားခဲ့ပါသည်။ အမှောင်မှလာ၍ အမှောင်သို့ပြန်သွားသူ၊ အလင်းမှလာ၍ အမှောင်သို့သွားသူ၊ အမှောင်မှ လာ၍ အလင်းသို့သွားသူ၊ အလင်းမှလာ၍ အလင်းသို့ သွားသူဟူ၍ ဖြစ်ပါသည်။ သာသနာရောင် ဝါထွန်းလင်းနေသော လူ့ဘုံလူ့ဘဝသို့ ကျွန်တော်တို့ ဘယ်ဘဝ ဘယ်နေရာကများ ရောက်လာခဲ့ကြပါသနည်း။ အမှောင်ဘဝ အပါယ်ဘုံတွေကလာခဲ့ကြသလား၊ အလင်းဘုံဌာန သုဂတိ ဘဝတွေကလာခဲ့ကြသလား၊ နောက်ပြီး ဘယ်ကိုပြန်သွားကြမလဲ၊ အမှောင်သို့လား၊ အလင်းသို့လား၊ လူ့ဘုံလူ့ဘဝမှာ ကုသိုလ်ကောင်းမှုတွေ ပြုကြရင်တော့ အလင်းဆိုတဲ့ သုဂတိ ဘုံဌာနတွေကို ရောက်ကြမှာပါပဲ။ ကုသိုလ်ကံကြောင့်ရောက်လာတဲ့ အလင်းဘဝ လူ့ဘုံဌာနမှာ မေမွေလျော်လျော်နေပြီး ကုသိုလ်ကောင်းမှုတွေ မပြုကြဘူးဆိုရင်တော့ အမှောင်ဌာန အပါယ်လေးဘုံဘဝတွေကို ရောက်ကြတော့မှာပါပဲ။ အဲဒီလိုမျိုးဆိုရင်တော့ လူ့ဘဝရလာတာ သိပ်ရှုံးပါတယ်။ လူဖြစ်ရှုံးပြီ။

လူတို့၏ ဘဝစဉ်းစိမ်ခြမ်းသာ ပစ္စည်းဥစ္စာမှန်သမျှတို့သည် အတိတ်ဒါနကုသိုလ်၏ အကျိုးတရားများသာဖြစ်ပါသည်။ ထိုနည်းတူ ကျွန်တော်တို့သက်ရှည်ကျန်းမာနေသမျှသည်လည်း သီလ၏ အကျိုးတရားများသာတည်း။ အတိတ်ကံကြောင့် ချမ်းသာလာရာတွင် မေမွေလျော်လျော်နှင့် စားစားသောက်သောက်ဖြန်းတီးပစ်ပါက ဒါနဆက်ပြတ်၍ ဆင်းရဲဒုက္ခရောက်ပေတော့မည်။ သီလဆက်ပြတ်သောအခါလည်း ကောင်းမွန်သော ဘဝကိုမရနိုင်တော့။ ပစ္စည်းဥစ္စာ၏အနှစ်သည် လူဒါန်း၊ဒါနပြုခြင်း၊ စွန့်ကြဲစွန့်လွှတ်ခြင်းသာဖြစ်ပါသည်။



ဦးတုံစိန်–ဒေါ်မရှင် အမွေးထား၍ သားသမီးတစ်စုက ရေတာရှည် ဘိုးဘွားရိပ်သာအတွက် ပထမအကြိမ် ငွေလူဒါန်းစဉ်။

အလှူအတန်းပြုရာတွင် အချိန်ကာလအလျောက် လူဒါန်းခြင်းကို ကာလဒါနဟုခေါ်ပါသည်။ ယခုဘိုးဘွားရိပ်သာများသည် ရှင်လူအပေါင်း၏ လူဒါန်းမှု လိုအပ်နေသောနေရာဖြစ်ပါသည်။ ဘိုးဘွားရိပ်သာများသည် ကျွန်တော်တို့ အတွက်–

- **သံဃဂွယားများရန်နေရာ၊ သတိတရားရရန်ဌာန၊**
- **စာနာထောက်ထားအကြင်နာပွားများရန်နေရာ၊**
- **ဒါနပြုရန်နေရာ၊**
- **ကုသိုလ်ယူ ဘာဝနာပွားများရန်နေရာ၊**
- **ကိုယ်ပွားမိဘများအဖြစ်မှတ်ယူလျက်၊ ကျေးဇူးဝတ်မပျက် ဆောင်ရွက်ရန်နေရာ၊**
- **မျိုးဆက်သစ်များသို့ နမူနာကောင်းပြ၍ ကောင်းမွေကို လက်ဆင့်ကမ်းပေးရမည့်နေရာ၊**
- **မြန်မာတို့၏ ယဉ်ကျေးမှုပြယုဂ်နေရာများလည်းဖြစ်၍ အမျိုးဂုဏ်၊ ဓာတိဂုဏ်၊ ယဉ်ကျေးမှုဂုဏ်တို့ ထွန်းလင်းပြသရမည့် နေရာများ ဖြစ်နေပါသည်။**

လူကြီးမိဘ၊ သက်ကြီးရွယ်အိုများကို လူဒါန်းထောက်ပံ့ခြင်း၊ ကျေးဇူးဆပ်ပြုစုခြင်း၊ ဂါရဝတရား နိုဝါတတရားတို့ဖြင့် ကုညီစောင့်ရှောက်ခြင်းများသည် ကျွန်တော်တို့၏ မွန်မြတ်သော အစဉ်အလာ ယဉ်ကျေးမှုများဖြစ်ပါသည်။ မြတ်ဗုဒ္ဓရှင်ကိုယ်တိုင်၊ အနုတ္တရောပုရိသဓမ္မသာရထိဆိုသည့် ယဉ်ကျေးအောင် ဆုံးမတော်မူတတ်ထသော ဂုဏ်တော်ရှင်ဖြစ်ပါသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသည့် ဗြဟ္မစိုရ်တရားများသည် ကျွန်တော်တို့၏ ယဉ်ကျေးမှုအစစ်အမှန်များဖြစ်ပါသည်။ သတ္တဝါအားလုံးအပေါ် မေတ္တာထားခြင်း၊ မိမိထက်သာလွန်သူ မြင့်မြတ်သူ၊ အောင်မြင်မှုများအပေါ် မုဒိတာပွားများနိုင်ခြင်း၊ နိမ့်ပါးသူများ၊ ဘဝကဲ့ဉသူများ၊ ဆင်းရဲဒုက္ခရောက်၊ ဖွံ့ဖြိုးမှုနောက်ကျ၊ အင်အားနည်း၊ အင်အားငယ်မှုများအပေါ် သနားကရုဏာ ထားခြင်း စသည်တို့သည် မြင့်မြတ်သော စိတ်ထားများဖြစ်ပါသည်။ ကြီးနိုင်ငယ်ညည်း နိုင်ရာစား စိတ်ဓာတ်ရိုင်းသူ ကောက်ကျစ်စဉ်းလဲသူများသည် ကရုဏာ တရားကင်းမဲ့သူများပင်ဖြစ်လေသည်။ ဥပေက္ခာတရားဆိုသည်မှာလည်း ဘက်လိုက်မှုမရှိ၊ မျှတစွာနှလုံးသွင်းစိတ် ထားရှိခြင်းပင်ဖြစ်ပါသည်။ ထိုတရားများသည် ကျွန်တော်တို့ ရှေးပဝေသဏီကပင် ဆင်းသက်ဆက်ခံလာခဲ့သော ယဉ်ကျေးမှု အမွေအနှစ်များဖြစ်ပါသည်။ အိုမင်း မစွမ်းနှင့် ကွန်းခိုနားရာမရှိပါသော ဘိုးဘွားများကို စောင့်ရှောက်ကူညီ ပြုစုနေခြင်းသည်လည်း ကျွန်တော်တို့၏ မြင့်မြတ်လှသောယဉ်ကျေးမှုတစ်ရပ် ဖြစ်ပါသည်။

ဘိုးဘွားရိပ်သာ အဆောက်အအုံ လူဒါန်းခြင်းသည် ကွန်းခိုနားရာ မရှိပါသော အဘိုးအဘွားများကို နားခိုစရာ အရိပ်ဆာယာပေးသော သေနာသနအလှူလည်း ဖြစ်၊ လိုအပ်နေသူများကို လိုအပ်နေရှိန်တွင် လိုအပ်သည့် အလှူမျိုးပေးခြင်းဆိုသည့် ကာလဒါနမျိုးလည်းဖြစ်ပါသဖြင့် မွန်မြတ်လှပါသည်။ အလှူ၏ မြင့်မြတ်မှုဆိုသည်မှာ အလှူခံပုဂ္ဂိုလ်၏ စင်ကြယ်မြင့်မြတ်မှုအပေါ်တွင်လည်း မူတည်နေပါသည်။ လူအိုလူမင်းတို့မှာ ယခင်ငယ်စဉ်ကမည်သို့သောဘဝတွေ ဖြတ်သန်းလာခဲ့စေကာမူ ယခုအချိန်ယခုအရွယ်တွင်တော့ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတရားတို့ ပါးလျားနေချေပြီ။ အားကိုးရာမဲ့၊ ခိုကိုးရာမဲ့ ဘဝသံဝေဂရနေချိန် ဇရာ ဒုဗ္ဗလအရွယ်တွင် စားချင်တိုင်းလည်း မစားနိုင်ကြတော့ပါ၊ အာရုံငါးပါးခံစားမှုတွေ လျော့နည်းပါးလျားလာရသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် အလှူခံပုဂ္ဂိုလ်တစ်ကျိပ်လေး (တစ်ဆယ့်လေးယောက်)တွင် ဘိုးဘွားတို့သည် မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်ပါသည်။


ထို့ပြင် ရိပ်သာတွင် နာဒုံလာမည်သူများကလည်း အိုမင်း၍ မမွှမ်းနိုင်ကြတော့သော မိအိုဘအိုများဖြစ်သဖြင့် ကိုယ့်မိဘများကို ကျေးဇူးဆပ်နေသည်နှင့်လည်းတူပါသည်။ ထိုထိုမိအိုဘအိုတို့သည် သံသရာမှာ ဘဝဘယ်လောက်များ မိရင်းဘရင်းတော်ခဲ့လေသည် မသိနိုင်ပါ။ မြတ်စွာဘုရားကတော့ နကုလပိတာနှင့် နကုလမာတာကို ဘဝငါးရာ အဖေ၊ ဘဝငါးရာအမေ၊ ဘဝငါးရာ နှစ်ပါးစုံဖိတ်ကော်ခဲ့ကြောင်း၊ ဘဝငါးရာ ဦးကြီး၊ ဒေါ်ကြီးတော်ခဲ့ကြောင်း ဟောကြားခဲ့ပါသည်။ အနမတဂ္ဂ ရှည်လျားလှသော သံသရာတွင် ဆွေမျိုးမတော်ခဲ့သူဟူ၍ မည်သူမျှ မရှိပါ။ ထိုသို့ဆိုသော် ဘိုးဘွားများကို ပြုစုခြင်းသည် ကျေးဇူးရှင်မိဘများကို ကျေးဇူးဆပ်နေခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ရိပ်သာဘိုးဘွားသခ္ခါအားဖြင့် ဆောက်လုပ်လူဒါန်းရခြင်းသည် ထူးကဲမွန်မြတ်လှသော ထာဝရအလှူဖြစ်နေပါသည်။

ထို့ပြင် ကုသိုလ်မပြုလုပ်နိုင်သော အဓိအဘများကို ကုသိုလ်ပြုလုပ်နိုင်အောင် ဆောင်ကြဉ်းပေးခြင်းသည်လည်း မွန်မြတ်သောကျေးဇူးဆပ်ခြင်းဖြစ်ပါသည်။ ထိုသီလဆောက်တည်ခြင်း၊ တရားဘာဝနာ နာကြားပွားများခြင်း ဆိုသည့်ကုသိုလ်အလုပ်များကို ဘိုးဘွားများ ကြောင့်ကြမဲ့စွာဖြင့် ရရှိခံစားရပေတော့မည်။ ထို့ပြင် မိမိမှာလည်းကုသိုလ်တရား ဆင့်ကဆင့်ကာ ပွားများရရှိနေပါလိမ့်မည်။ ဘိုးဘွားရိပ်သာများတွင်ဆွေ့ရသော "သင်လည်းဤ သို့ အိုရအံ့"ဆိုသည့်သံဝေဂဆိုင်းဘုတ်ကြီးကိုမြင်မိတိုင်းအဘိုးအဘွားတို့၏ ဇရာလက္ခဏာကိုဆင်ခြင်နှလုံးသွင်းမိသည်။ "တစ်နေ့တစ်နေ့နှင့် တရွေ့ရွေ့ ယွင်းယို နောက်ပြန်လို့မယျိုတယ်၊ ရှေ့ကိုသာ အိုမြဲတဲ့"။ လူတိုင်း လူတိုင်း "တစ်နေ့နှင့်တစ်နေ့ တရွေ့ရွေ့ ယွင်းယို၍ အိုရွယ်နေကြသည်။ ရောင်လွှဲ၍မရပါ။ အရွယ်အိုခန်းဝသို့ လှမ်းကြွ၍ ဝင်တဲ့အခါ စိတ်ချမ်းချမ်းသာသာဖြင့် ဝင်စေချင်ပါသည်။

အိုခြင်း၊ နာခြင်း၊ သေခြင်းတို့၏ မလွဲမရှောင်နိုင်သော ဒုက္ခတရားကို ဆင်ခြင်ပွားများ၍ မေတ္တာဘာဝနာကမ္မဋ္ဌာန်း၊ ကောဋ္ဌာသကမ္မဋ္ဌာန်း၊ အသုဘကမ္မဋ္ဌာန်း၊ မရဏနုဿတိ ကမ္မဋ္ဌာန်းစသည် ကမ္မဋ္ဌာန်းများကို စီးဖြန်းရင်း သံဝေဂဉာဏ်များ ပေါ်လာတော့မည်ဖြစ်ပါသည်။ အိုနာသေ နိမိတ်လက္ခဏာ ထင်လာပါက သာသနာမှာထောက်တည်ရာရလာနိုင်ပြီဖြစ်ပါသည်။ မြတ်စွာဘုရားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုသည့် နိမိတ်ကြီး လေးပါးကို မြင်မိရာက သံဝေဂဉာဏ်ဖြစ်ပေါ်ပြီး တောထွက် တရားကျင့် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ရသည်။ အိုနာသေ သံဝေဂသည် တရားထူးရရှိဖို့ အတွက်ကြီးစွာသော အထောက်အပံ့ဖြစ်နေပါသည်။ ဘိုးဘွားရိပ်သာတွင် လူအိုကိုလည်းတွေ့ရမည်၊ လူနာကိုလည်းတွေ့ရမည်၊ လူသေကိုလည်းတွေ့ရမည်။ အဘိုးအဘွားတို့က ဒုက္ခသစ္စာဆိုသည့် ဆင်းရဲခြင်းအမှန်တရားကို ရှင်းရှင်းလင်းလင်း ကွင်းကွင်းကွက်ကွက် ပြသနေပါလိမ့်မည်။

အိုခြင်းတရားသည် ရောင်လွှဲ၍မရပါ။ မိမိကိုယ်တိုင်လည်း ဇရာဆိုသည့် အိုခြင်းတရားကို ကြုံရမည်သာဖြစ်ပါသည်။ "အရွယ်အိုခန်းဝသို့ လှမ်းကြွ၍ ဝင်ငြိ"ဆိုသည့်အခါ ဇရာလက္ခဏာတွေပေါ်ပြီ။ ခန္ဓာကိုယ်သည်လည်း အိမ်ငှါးပျက်စီးခြင်းသို့ ရောက်ရသည်။ သို့ရာတွင် မပျက်စီးဘာတစ်ခုတော့ရှိနေပါသည်။ အဲဒါကတော့ မမွှဆိုသည့်တရားသဘောပင် ဖြစ်သည်။ သူတော်ကောင်းတရားဟူသည် အိုမင်းခြင်းသို့ ဘယ်အခါမျှရောက်ပါတဲ့။ မြတ်စွာ ဘုရားပွင့်တော်မူမှု ထိုသစ္စာလေးပါးမြတ်တရားတို့ကို သိခြင်ခွင့်ရခဲ့ပါသည်။ ထိုတရားမမွတို့သည် ဘယ်တော့မှမဟောင်း၊ ဘယ်တော့မှမအို၊ ဘယ်တော့မှမသေ၊ ဖော်ထုတ်နိုင်သူမရှိခဲ့သဖြင့်သာ ထိုတရားကို ငုပ်လျှိုးနေခဲ့ရခြင်းဖြစ်၏။ လောကတွင် ထိုတရားမေမှတို့ကို ဖော်ထုတ်နိုင်ရန်အတွက် မြတ်စွာဘုရားတို့ ပွင့်ပေါ်ခဲ့ရ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

ဘိုးဘွားရိပ်သာ အဆောက်အအုံလူဒါန်းခြင်းသည် ကွန်းခိုနားရာမရှိပါသော အဘိုးအဘွားများကို နားခိုစရာ အရိပ်ဆာယာပေးသော သေနာသနအလှူလည်းဖြစ်၊ လိုအပ်နေသူများကို လိုအပ်နေရှိန်တွင် လိုအပ်သည့် အလှူမျိုးပေးခြင်းဆိုသည့် ကာလဒါနမျိုးလည်းဖြစ်ပါသဖြင့် မွန်မြတ်လှပါသည်။ အလှူ၏ မြင့်မြတ်မှုဆိုသည်မှာ အလှူခံပုဂ္ဂိုလ်၏ စင်ကြယ်မြင့်မြတ်မှုအပေါ်တွင်လည်း မူတည်နေပါသည်။ လူအိုလူမင်းတို့မှာ ယခင်ငယ်စဉ်ကမည်သို့သောဘဝတွေ ဖြတ်သန်းလာခဲ့စေကာမူ ယခုအချိန် ယခုအရွယ်တွင်တော့ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတရားတို့ ပါးလျားနေချေပြီ။



ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကျေးလက်စကားပိုင်းဖွဲ့၍ ကျေးလက် ဘက်စုံဖွံ့ဖြိုးရေး ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့တို့၏ အသိပညာပေး ဟောပြောပွဲ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် ပညာရေး အထောက်အကူပြု ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ရက်တွင် သိန်းနှိုင်္ဂနယ် မိုင်းလီစပြကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် ရပ်မိရပ်ဖများ စုစုပေါင်းအင်အား ၅၅၅ဦးတို့ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီး ရေးရာအဖွဲ့ နာယကဒေါ်ခင်သန့်စင်က ကျန်းမာရေးနှင့် ပညာရေးအထောက်အကူပြု ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ၌ ကျန်းမာရေးပစ္စည်းများကို မိုင်းလီစပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ လက်ထောက်ကျန်းမာရေးမှူး ဒေါ်နေ့ာ်လှလူထံလည်းကောင်း၊ မိုင်းလီစပြကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၃၅၃ဦးတို့အတွက် ပညာရေးအထောက်အကူပြု ကျောင်းသုံးဗလာစာအုပ် ၁၊၈၎်၃၀ကို ကျောင်းအုပ်ဆရာကြီး ဦးကျော်လွင်ထံ လည်းကောင်း၊ မိုင်းလီစပြ ကျေးရွာစာကြည့်တိုက်သို့ သုတစာအုပ်၁၅၀ကို ကျေးရွာ နန်းကိန်ဖောင်းတစ်က ကိုယ်ဝန်ဆောင် မိခင်နှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်းကောင်း၊ သူနာပြုလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းခမ်းမှတ်က အာဟာရအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာခင်နန်းသိက ၄င်္ကျားများ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာများကို လည်းကောင်း အသိပညာပေး ဟောပြောကြသည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် သမားတော်ကြီးများ ပါဝင်သောအဖွဲ့သည် မိုင်းလီစပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဒေသခံပြည်သူ ၁၅၀ တို့အား အခမဲ့ ဆေးဝါးကုသခြင်းများကို ဆောင်ရွက်ပေးကြသည်။





ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနှိုင်္ဂနယ် မိုင်းလီစပြကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၌ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များက ကျေးလက်စကားပိုင်းများဖွဲ့၍ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိုင်းဘဦးထံလည်းကောင်း ပေးအပ်လှူဒါန်းသည်။

အဆိုပြုလွှာပေးအပ်

ယင်းနောက် မိုင်းလီစပြကျေးရွာ အုပ်စုမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို ပေးအပ်ရာ၌ ဒေသခံ တိုင်းရင်းသူနှစ်ဦးတို့က အဆိုပြုလွှာ ၂၁၅စောင်ကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာခင်နန်းသိက ၄င်္ကျားများ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာများကို လည်းကောင်း အသိပညာပေး ဟောပြောကြသည်။

ကြည့်ရှုအားပေး

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနှိုင်္ဂနယ် မိုင်းလီစပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်ခင်သန့်စင်၊ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် သမားတော်ကြီးများပါဝင်သော ကျန်းမာရေးအဖွဲ့က ဒေသခံပြည်သူများအား ဆေးဝါးကုသမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ပညာရေးနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း၊ ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ပြီး အမျိုးသမီးရေးရာအဖွဲ့များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များက ကျေးလက်စကားပိုင်းများဖွဲ့၍ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးကြသည်။

ကျေးလက်စကားပိုင်း

ယင်းကျေးလက်စကားပိုင်းများတွင် ဖွို့နယ်နှင့်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များက မိုင်းလီစပြကျေးရွာအုပ်စုအတွင်း ဆောင်ရွက်ပေးခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြသည်။

အခမဲ့ကုသ

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် သမားတော်ကြီးများ ပါဝင်သောအဖွဲ့သည် မိုင်းလီစပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဒေသခံပြည်သူ ၁၅၀ တို့အား အခမဲ့ ဆေးဝါးကုသခြင်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များသည် ကျေးရွာအတွင်းမှ သက်ကြီးရွယ်အို ၅၃ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

အာဟာရတိုက်ကျွေး

အဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ကျေးရွာပြည်သူ လူထု၅၅၅ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၃၅၃ဦးတို့အား အကျေးအမွေးဖြင့် တည်ခင်းဧည့်ခံခြင်း၊ ဘိုးဘွားများနှင့် ကလေးငယ်များအား အာဟာရထိုက် ကျွေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး အခမ်းအနားကို ရှပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနှိုင်္ဂနယ် မိုင်းလီစပြကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲအတွက် ကျန်းမာရေးပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

✤ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

တရားကို အုပ်စိုးပိုင်ဆိုင်သူမဟုတ်၊ တရားတော်တို့ကို ဖော်ထုတ်လမ်းပြခဲ့သူသာဖြစ်ပါသည်။

ကျွန်တော်တို့ နိုင်ရာဝန်တွေထမ်းကြိုးပမ်းကြရပါမည်။ သက်ကြီးရွယ်အို ဘိုးဘွားတို့ကိုပြုစုခြင်း၊ ဘိုးဘွားတို့အတွက် ကုသိုလ်ကောင်းမှုပြုခြင်းသည် ကျွန်တော်တို့၏ ကံကာလသောရပ်ဝိုက် သက်တမ်းရှည်စွာ ကျန်းမာစေပါသည်။ ထို့ကြောင့် အဟောင်းအဆိုတို့ကိုပြုစုခြင်း၊ ထောက်ကူပေးခြင်း၊ ပြင်ဆင်မွမ်းမံပေးခြင်းသည် ကျွန်တော်တို့ရုပ်နာမ်များကိုလည်း နုပျိုစေခြင်း၊ အသက်ရှည် ကျန်းမာစေခြင်းအကျိုးခံစားရပါသည်။ ထို့ကြောင့် ညောင်ပင်အိုကြီးများကို ညောင်ထောက်ပေးရမည်၊တံတားဆိုများကို ပြုပြင်တံတားခင်းပေးရမည်၊ ဇရပ်အို ဇရပ်ပျက်၊ကျောင်းအို ကျောင်းပျက်၊ ဘုရားအိုဘုရားပျက်များကို ပြုပြင်ပေးရမည်။ လူထိုလူမင်းများကိုလည်း အထောက်အကူပေးရမည်၊ အဘိုးအဘွားတွေကို စားစရာသောက်စရာကူညီထောက်ပံ့ပေးရမည်။ နားခိုရန်ရိပ်သာ ဘိုးဘွားတို့ကို သခ္ခါအားဖြင့် တည်ဆောက်ပေးကြရမည်ဟု မဟာဂန္ဓာရံဆရာတော်က အခြေပြုပဌာန်းကျမ်းတွင် ဟောကြားထားခဲ့ပါသည်။

ငါတံတားဆောက်လုပ်လှူဒါန်းထားသည်၊ ဒီအချိန်ဆိုငါခင်းထားတဲ့ တံတားလေးပေါ် လူတွေ လျှောက်လှမ်းနေကြပြီ၊ ငါပြင်ခဲ့တဲ့ရေပြင်လေးမှာ လူတွေနားခိုနေကြလိမ့်မည်၊ ဒို့တည်ဆောက်ခဲ့သည့် ဘိုးဘွားရိပ်သာလေးမှာ အဘိုးအဘွားတို့ စိတ်ချမ်းသာစွာနားခိုလို့ တရားမမှေတွေနဲ့ မွေ့လျော်နေကြတော့မည်ဟု တွေးပြီး အမြတ်တရကုသိုလ်တွေရနေပါလိမ့်မယ်၊ သူတစ်ပါး ချမ်းသာတာကိုကြည့်ပြီး ဝမ်းမြောက်နေတာကုသိုလ်စိတ်ပါပဲ၊ အဘိုးအဘွားတို့ စိတ်ကြည့်လင် ချမ်းသာစွာတရားဘာဝနာ ကုသိုလ်ကောင်းမှုတို့ပြုအပြီး ကြေးစည်သံလွင်လွင်နဲ့ ကြည်စင်တဲ့ အမျှပေးဝေသံလေးများကိုကြားလိုက်ရလို့ သာခုခေါ်လိုက်ရသည့်အခါ ကြက်သီးဖြန်းမျှ ပတ္တာနမောနာ ကုသိုလ်စိတ်ကလေးများ ဖြစ်ပေါ်လာရပါသည်။

ကျွန်တော်တို့က ဗုဒ္ဓဘာသာတွေဆိုတော့ ဗုဒ္ဓ၏အဆုံးအမအောက်မှာ ဘာသာတရား ယဉ်ကျေးမှုအရ၊ နိဝါတ တရား၊ ဂါရဝတရားတို့ဖြင့် သက်ကြီးရွယ်အို ဖိအို ဖအိုတို့ကို ရိုသေလေးမြတ်စွာကျွေးမွေးပြုစုခဲ့ကြပါသည်။ အချို့နိုင်ငံများတွင် မိအို၊ဖအို့များကို လုပ်ကိုင်ကျွေးမွေးရကောင်းမှန်းမသိကြပါ။

“ဒီကလူတွေကို ငါတကယ်အုံသြတယ်၊ ဆွေးတွေကြောင်တွေကိုနမ်းရှုပ်ပြီး စကားတတွတ်တွတ်ပြောပေမယ့် ကိုယ်ရဲ့မိအိုဖအိုတွေကို ဖုန်းနဲ့စကားလှမ်းမပြောကြဘူးကြောင်စောနွေးစာတွေ ဈေးကြီးပေးဝယ်ပြီး အိမ်မွေးအကောင်တွေကို ကျွေးပေမယ့် ကိုယ့်မိဘကျတော့ ကျွေးမွေးဖို့သတိမရကြတဲ့၊ ဘာမှန်းမသိတဲ့ အူလည်လည်ပတ်ဝန်းကျင်ကြီးပါ” တဲ့၊ ဒါကတော့ နိုင်ငံခြားရောက် မြန်မာအမျိုးသမီးတစ်ယောက်၏ ရင်ဖွင့်ထားသည့် ဆောင်းပါးတစ်ပုဒ်ထဲက ကူးရေးလိုက်တာပါ၊ ကျွန်တော်တို့မြန်မာနိုင်ငံမှာတော့ အဲဒီလို အူလည်လည်ပတ်ဝန်းကျင်မျိုးမရှိပါ၊ ယဉ်ကျေးမှုအမွေအနှစ်များကို အမြတ်တနိုး စောင့်ရှောက်ထိန်းသိမ်းနေတဲ့ ချစ်စရာကောင်းတဲ့ဒေသပါ။

ကမ္ဘာ့ကုလသမဂ္ဂကလည်း နှစ်စဉ် အောက်တိုဘာ ၁ ရက်နေ့ကို **“အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့”** ဟူ၍သတ်မှတ်ခဲ့ပါသည်။ နိုင်ငံတကာမှာလည်းကျင်းပခဲ့ပါသည်။ ကမ္ဘာ့မှာအူလည်လည်ပတ်ဝန်းကျင်မျိုးရှိသည့် နိုင်ငံမျိုးတွေရှိသလို စာနာခြင်းတရားအပြည့်ဖြင့် စောင့်ရှောက်ကူညီတတ်သော လူသားတွေလည်းရှိနေပါသည်။ ကိုယ်ချင်းစာတရားတွေ ကိန်းအောင်းပျံ့နှံ့နေကြမှသာလျှင် လူသားအချင်းချင်းမြတ်နိုးချစ်ခင်မေတ္တာသက်ဝင်ကြမှာဖြစ်ပါသည်။ ဒီအခါကျမှ ကမ္ဘာကြီး ငြိမ်းချမ်းပျော်ရွှင် နေချင်စဖွယ်ဖြစ်လာတော့မှာပါ။

ကျွန်တော်တို့နိုင်ငံမှာ စာနာတရား ရင်ဝယ်ထားပြီး သခ္ခါအားဖြင့် ဘိုးဘွားရိပ်သာများ တည်ဆောက်လာခဲ့ကြပါသည်။ ကျွန်တော်တို့ ရေတာရှည်ဖြို့မှာလည်း အလှူရှင်တို့ စုဝေပါင်းသခ္ခါအားဖြင့် ဘိုးဘွားရိပ်သာကြီးပေါ်ပေါက်လာခဲ့ပြီ။ ဆက်လက်လှူဒါန်းသွားကြဖို့၊ ဆက်လက်ထိန်းသိမ်းသွားကြဖို့၊ ဘိုးဘွားများကိုဆက်လက်ပြုစုစောင့်ရှောက်သွားကြဖို့ ကြိုးပမ်းသွားရပါမည်။ တစ်နေ့က သတင်းစာထဲမှာ အိမ်ဓမ္မိုမှာလည်း ဘိုးဘွားရိပ်သာတည်ဆောက်ရေး ကြိုးပမ်းလှုက်ရှိကြောင်းဖတ်လိုက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်။ မြို့တိုင်း၊ မြို့တိုင်း ဘိုးဘွားရိပ်သာလေးတစ်ခု၏၊ တစ်ခုစီပေါ်လာရင်ဖြင့် အတိုင်းထက်အလွန် ပီတိတွေဖြစ်ကြရပါမည်။ တစ်ယောက်အားဖြင့် ယူ၍မရသော်လည်း အများအားဖြင့်ယူသော် မည်သည့်အရာမဆိုရနိုင်ပါသည်။ ပြည်သူအများ၏ သခ္ခါအားဖြင့် ဘာသာရေး၊ လူမှုရေးအဆောက်အအုံတို့ ငွားငွားစွင့်စွင့် တင့်တင့်တယ်တယ် အားရဖွယ်ရာ ပေါ်ပေါက်ခဲ့ကြရလေပြီ။

အဘိုးအဘွားတို့ကွန်ခိုနားရာ ဘိုးဘွားရိပ်သာလေးများ အမြန်ပေါ်ပေါက်လာနိုင်ကြပါစေသတည်း။

ထူကဲမွန်မြတ်လှသော ထာဝရအလှူကို အားလုံးပိုင်းဝန်းပြုလုပ် ကုသိုလ်ယူနိုင်ပြီးသကာလ သံသရာဝဋ်ကြွေးများမှ ကင်းလွတ်ရာမှန် မြတ်နိုးမှာန်သို့ လျင်မြန်ထုတ်ချောက် မျက်မှောက်ပြုနိုင်ကြပါစေသတည်း။ ။

မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်လိုသည့် မျိုးချစ်စိတ်ထားရှိရန်နှင့် ကျန်းမာရေးဝန်ထမ်းများ ထားရှိသင့်သည့် စိတ်၊ စေတနာ၊ ကျင့်ဝတ်တို့ကို အလေးထားတတ်ရန် သင်ကြား

တစ်နိုင်ငံလုံးမှ

ဘာသာရပ်ဆိုင်ရာ ဆေးလက်တွေ့ ပါမောက္ခများ၊ ကမ္ဘာကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံ သူနာပြုကောင်စီတို့မှ ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် တစ်ရပ်ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြိုခိုင်ရေးနှင့် ပညာရည်မြင့်မားရေး အတွက် ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသား ကျန်းမာရေးမူဝါဒနှင့်အညီ အမျိုးသားကျန်းမာရေးစီမံကိန်း၊ ကျေးလက် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ မြန်မာ့ကျန်းမာရေးမျှော်မှန်းချက် ဆိုင်ရာ နှစ်(၃၀) နှစ်ရှည်စီမံကိန်းတို့ကို စနစ်တကျရေးဆွဲပြီး နယ်စပ်ဒေသ၊ ကျေးလက် အစွန်အဖျားအပါအဝင် တစ်နိုင်ငံလုံးကို ကျန်းမာရေးစောင့်ရောက်မှု တိုးမြှင့်လွှမ်းခြုံမှုပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အထူးသဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၄ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း(ကျန်းမာရေးကဏ္ဍ)၊ တက္ကသိုလ်နှင့် သင်တန်းကျောင်းများ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ကျန်းမာရေးစီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များသည် အဓိကကျသည့် အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်ကို ဂျပတိုင်း အသိပင်ဖြစ်ကြောင်း။

တိုးမြှင့်လက်ခံသင်ကြား

ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ လူ့စွမ်းအား အရင်းအမြစ်များကို တိုးမြှင့်လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် တက္ကသိုလ်အသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ တည်ဆောက်ပေးခြင်းတို့အပြင် ၂၀၀၁ ခုနှစ်မှစ၍ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးပညာနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များတွင် သင်တန်းသားများ တိုးမြှင့်လက်ခံလေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် ယခင်က ဆေးတက္ကသိုလ် သုံးခုနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် တစ်ခုသာ ရှိခဲ့ရာမှ ယခုအခါ ဆေးတက္ကသိုလ် လေးခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် နှစ်ခု၊ သူနာပြု တက္ကသိုလ် နှစ်ခု၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် နှစ်ခု၊ ဆေးဝါး တက္ကသိုလ် နှစ်ခု၊ အခြေခံကျန်းမာရေး တက္ကသိုလ် တစ်ခုနှင့် တိုင်းရင်းဆေး တက္ကသိုလ် တစ်ခု စုစုပေါင်း တက္ကသိုလ် ၁၄ ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အလားတူ ယခင်က သူနာပြု၊ သားဖွားနှင့် သူနာပြုနှိုးနွယ်သင်တန်းကျောင်း ၂၆ ကျောင်း ရှိခဲ့ရာမှ ယခုအခါ သင်တန်းကျောင်း ၄၃ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ဆက်လက်ဆည်းပူးနိုင်

ယခုဆိုလျှင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၌ ပြည်တွင်းဘွဲ့လွန် သင်တန်းများအနေဖြင့် ဘွဲ့လွန်ဒီပလိုမာ ခြောက်မျိုး၊ မဟာသိပ္ပံ ၂၉ မျိုး၊ ဆေးလက်တွေ့ အခြေခံပါရဂူ Ph.D ခုနစ်မျိုး၊ ဆေးလက်တွေ့ပါရဂူ Dr. Med. Sc အမျိုး ၃၀၊ စုစုပေါင်း ပညာရပ်ဆိုင်ရာ ဘွဲ့လွန်သင်တန်း ၅၂မျိုးကို ဖွင့်လှစ်သင်ကြား ပို့ချပေးနိုင်ပြီဖြစ်သည့် အတွက် ဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆရာဝန်များသာမက သူနာပြုများ၊ ဆေးဘက်ပညာရှင်များနှင့် ဆေးဝါးပညာရှင်များပါ၊ အဆင့်မြင့်ပညာရပ်များကို ဆက်လက်ဆည်းပူးနိုင်သည့် အခွင့်အလမ်းများ ရရှိနေပြီဖြစ်ကြောင်း။

သင်ကြားရေးဆရာများ၏ သင်ကြားရေး အရည်အသွေး တိုးတက်မြင့်မားရန်အတွက် ဆေးပညာသင်ကြားရေး ဒီပလိုမာ သင်တန်းကိုလည်း ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း။

ဘွဲ့လွန်သင်တန်းများ

ထို့အပြင် နိုင်ငံတော်၏ ကျန်းမာရေး အဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် ပြည်သူတို့၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်နေသော ဝန်ထမ်းမဟုတ်သည့် ပြင်ပဆရာဝန်များနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များ၏ ပညာရည်တိုးတက်မြင့်မားစေရန်နှင့် စဉ်ဆက်မပြတ် ဆေးပညာဆက်လက်ဆည်းပူးနိုင်စေရန်အတွက် မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာ ဒီပလိုမာနှင့် အထူးထွေသွားရောဂါကု ဒီပလိုမာ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း။

ယင်းကဲ့သို့ ဘွဲ့လွန်ဆေးပညာသင်တန်းအမျိုးမျိုးကို ဒီပလိုမာ သင်တန်းမှ ပါရဂူဘွဲ့သင်တန်းအထိ တိုးချဲ့ဖွင့်လှစ်ပြီး ဘွဲ့လွန်ပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးရာတွင် ယခုအချိန်အထိ ဘွဲ့လွန်ဒီပလိုမာရရှိသူ ၁၅၈၅ဦး၊ မဟာသိပ္ပံဘွဲ့ရရှိသူ ၂၈၅၆ဦး၊ ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့ Ph.D ၃၀ဦးနှင့် ဆေးလက်တွေ့ ပါရဂူဘွဲ့ Dr. Med. Sc ၉၀ တို့ကို လေ့ကျင့်မွေးထုတ် ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အတွင်း၌ အရည်အသွေးပြည့်ဝပြီး စွမ်းဆောင်ရည် မြင့်မားသည့် ကျန်းမာရေး လူ့စွမ်းအားစုများ ပေါ်ထွန်းလာရေးအတွက် ပြည်တွင်း၌ ဘွဲ့လွန်ပညာရှင်များကို ပါရဂူဘွဲ့အထိ တိုးချဲ့လေ့ကျင့်ပြုစုပျိုထောင် သင်ကြားပေးနေသကဲ့သို့ တိုးတက်ပြောင်းလဲ ထွန်းကားနေသော အဆင့်မြင့် ဆေးပညာရပ်များကိုလည်း နိုင်ငံတကာအဆင့်မီ ဆည်းပူးလေ့လာ တတ်မြောက်ကျွမ်းကျင်မှုရှိစေရန် နိုင်ငံခြားတိုင်းပြည်များသို့ ဘွဲ့လွန်သင်တန်းများ၊ လေ့ကျင့်ဆွေးနွေးပွဲများ၊ လေ့လာရေးနှင့် သင်တန်းများ တက်ရောက်နိုင်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုးနှောဖလှယ်

မြန်မာနိုင်ငံ၏ ဆေးပညာသင်ကြားရေးအဆင့်အတန်းကို တိုးတက်နေသောနိုင်ငံတကာ ဆေးပညာအဆင့်အတန်းနှင့်အညီ ထိန်းသိမ်းမြှင့်တင်ရန် အတွက် ၁၉၆၄ခုနှစ်မှစ၍ ဆေးပညာသင်ကြားရေး နိုးနှောဖလှယ်ပွဲများကို အစဉ်တစိုက် ကျင်းပပေးခဲ့ရာ ၁၉၉၈ ခုနှစ်တွင် ဘွဲ့လွန်ဆေးပညာ သင်ကြားရေး နိုးနှောဖလှယ်ပွဲ တစ်ရပ်ကို ကျင်းပခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ဆဋ္ဌမအကြိမ် ဆေးပညာသင်ကြားရေး နိုးနှောဖလှယ်ပွဲကို ကျင်းပပေးနိုင်ခဲ့ကြောင်း။

ယနေ့ကစပြီး သုံးရက်တိုင်တိုင် ကျင်းပမည့် ဘွဲ့လွန်ဆေးပညာသင်ကြားရေး နိုးနှောဖလှယ်ပွဲကြီးတွင် နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးမူဝါဒ၊ အမျိုးသားကျန်းမာရေး စီမံကိန်းတို့နှင့်အညီ အရည်အသွေးမြင့်မားသော ဘွဲ့လွန်ဆေးပညာရှင်များကို ပြည်တွင်း၌ လေ့ကျင့်မွေးထုတ်နိုင်ရေးကို ဦးတည်၍–

- **မြန်မာနိုင်ငံ၏ ဘွဲ့လွန်ဆေးပညာ သင်ကြားရေးစနစ်ကို နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် လိုက်လျောညီထွေ ဖြစ်စေပြီး ပြောင်းလဲတိုးတက်နေသော နိုင်ငံတကာ ဆေးပညာအဆင့်အတန်းနှင့်အညီ ဖြစ်စေရန်။**
- **ပြည်တွင်း ပြည်ပ ဘွဲ့လွန်သင်တန်းဆိုင်ရာ "မူ"များ၊ စည်းမျဉ်း စည်းကမ်းများကို ပြန်လည်သုံးသပ်ရန်။**
- **ဘွဲ့လွန်သင်ရိုးညွှန်းတမ်းများကို ခေတ်စနစ်နှင့်အညီ ပြောင်းလဲ ရှင်သန်တိုးတက် နေစေရန်အတွက် သုံးသပ်ပြင်ဆင်ရေးဆွဲရန်။**
- **ဘွဲ့လွန်သင်တန်းများနှင့် ပတ်သက်၍ ကြိုတွေ့ရသည့် အခက်အခဲများ၊ ပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်နိုင်ရန်**

စသည့် ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်ရန်ဆိုသည့် ကဏ္ဍ(လေး)ခွဲခွဲပြီး ဆွေးနွေးသွားမည်ဟုသိရရကြောင်း။

ဘွဲ့လွန်ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲကြီးမတိုင်မီ ပထမဆင့် အနေဖြင့် ဆေးတက္ကသိုလ် အသီးသီး၌ ဘွဲ့လွန်သင်တန်း တစ်ခုချင်းအလိုက် သင်ရိုးညွှန်းတမ်းများနှင့် ပတ်သက်၍ အသေးစိတ် အချိန်ယူဆွေးနွေးပြီး ဒုတိယဆင့်အနေဖြင့် ဆေးတက္ကသိုလ်များအားလုံးရှိ ပါမောက္ခချုပ်များ ဦးဆောင်၍ ပါမောက္ခများ၊ သင်ကြားရေးဆရာများ စုပေါင်းပြီး ကြိုတင်ညှိနှိုင်း ဆွေးနွေးမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း။

ဘွဲ့လွန် ဆေးပညာသင်ကြားရေး နီးနှောဖလှယ်ပွဲကြီးကို ကျန်းမာရေး ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ ဆေးတက္ကသိုလ် များနှင့် နီးနှယ်တက္ကသိုလ်များမှ ပါမောက္ခများ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်ဆေးတက္ကသိုလ်၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆေးကောင်စီမှ ကိုယ်စားလှယ်များနှင့် ဆေးပညာသင်ကြားရေး ပညာရှင်များ တက်ရောက်ဆွေးနွေးကြမည်ဟု သိရသည့်အတွက် ဘွဲ့လွန်ဆေးပညာ သင်ကြားရေးနှင့် ပတ်သက်၍ ဘက်စုံထောင်စုံရာ အတွေ့အကြုံ၊ အကြံကောင်း၊ ဥာဏ်ကောင်းတွေ ရရှိနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားကြောင်း။

အရည်အသွေးမြင့်မား

မြန်မာနိုင်ငံမှ လေ့ကျင့် မွေးထုတ်လိုက်သော ဆေးပညာရှင်များ၏ အရည်အသွေး မြင့်မားကြောင်းကို နိုင်ငံခြားစာဖေးပွဲများတွင် မြန်မာ ဆေးပညာရှင်များ ရရှိသည် အောင်နှုန်းများအရ နိုင်ငံတကာက အသိအမှတ် ပြုထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဘွဲ့လွန်ဆေးပညာအဆင့် အတန်းကို အစဉ်သဖြင့် မြင့်မားတိုးတက်မှု ရရှိစေရေးနှင့် အရည်အသွေး မြင့်မားသော ဘွဲ့လွန်ဆေးပညာရှင်များကို လေ့ကျင့်မွေးထုတ် ပေးနိုင်ရေး အတွက် ယခု နီးနှောဖလှယ်ပွဲတွင် ပါဝင်ဆွေးနွေးကြမည် ပညာရှင်ကြီးများ အနေဖြင့် အလေးအနက် ဆွေးနွေးအကြံပြုပေးကြပါရန် တိုက်တွန်းပြောကြား လိုကြောင်း။

အထူးသဖြင့် မှာကြားလိုသည်မှာ မိမိတို့လေ့ကျင့် မွေးထုတ်ပေးလိုက် သည့် ဘွဲ့လွန်ပညာရှင်များသည် မိမိတို့တတ်ကျွမ်းသည့် ဆေးပညာရပ် များကို မြတ်နိုး တန်ဖိုးထားပြီး၊ မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားဖြစ်ထွန်း ရေးအတွက် ကြိုးပမ်းဆောင်ရွက်လိုသည့် မျိုးချစ်စိတ်ဓာတ် ထားရှိရန်နှင့် ပြည်သူလူထုအပေါ် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ထားရှိသင့်သည့်စိတ်၊ စေတနာ၊ ကျင့်ဝတ်တို့ကိုပါ အလေးထားတတ်စေရန် သင်ကြား လေ့ကျင့် ပေးမည့် "ဘွဲ့လွန်ဆေးပညာသင်ကြားရေးစနစ်" ဖြစ်ထွန်းလာအောင် ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့မှစ၍ သုံးရက်တိုင်တိုင် ကျင်းပမည့် ဘွဲ့လွန်ဆေးပညာသင်ကြားရေး နီးနှောဖလှယ်ပွဲတွင် ဆေးပညာရှင် ကြီးများ၏ စုပေါင်းဆွေးနွေးအကြံပြု ကြသည့်ရလဒ်များမှ ပို့ဆိုပြင်စနစ်ကျ သော ဘွဲ့လွန်ဆေးပညာသင်ကြားရေးစနစ် ပေါ်ထွန်းလာခြင်းဖြင့်–

- **ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝ ပေးနိုင်မည့် အရည်အသွေးမြင့်မားသော ဘွဲ့လွန်ဆေးပညာရှင် များကို အလုံအလောက် မွေးထုတ်ပေးနိုင်ပါစေ။**
- **လေ့ကျင့်မွေးထုတ်လိုက်သော ဘွဲ့လွန်ဆေးပညာရှင်များကလည်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် မိမိတို့တာဝန်ယူ ရသည့် ကျန်းမာရေးကဏ္ဍမှနေ၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး ကျန်းမာကြိန်ိုင်စေရေးအတွက် အပြည့်အဝတာဝန်ယူ ဆောင်ရွက်ပေးနိုင်ကြပါစေ။**
- **ဆေးပညာနှင့် ဆေးပညာနီးနွယ် ပညာရှင်ကြီးများအနေဖြင့်လည်း မိမိတို့၏ ဘာသာရပ် နယ်ပယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာအမွေ လက်ဆင့်ကမ်းနိုင်ရေးတို့ကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင် ကြပါစေ**

ဟု ဆုမွန်ကောင်းတောင်းကြောင်းပြောကြားသွားသည်။

အဆိုပါ နီးနှောဖလှယ်ပွဲကို ရန်ကုန်ဖြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဆေးသိပ္ပံပညာဦးစီးဌာန ဆေးပညာသင်ကြားရေးဗဟိုဌာန အစည်းအဝေး ခန်းမ၌ ယနေ့မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကာတာနိုင်ငံ သံတမန် အဆက်အသွယ်ပြုလုပ်

ရန်ကုန် စက်တင်ဘာ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကာတာနိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူကြိုးများနှင့် အပြည်ပြည်ဆိုင်ရာ တရားဥပဒေများ အပေါ် အခြေခံလျက် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ ချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို တည်ထောင်လိုသည့် ဆန္ဒရှိသည့်အားလျော်စွာ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၂၆ရက်မှ စတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန် အဆက်အသွယ်ပြုလုပ် လိုက်သည်။

ယင်းကဲ့သို့ နှစ်နိုင်ငံသံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီ ချက်ကို နှစ်နိုင်ငံသံအမတ်ကြီးများက ၂၀၀၅ ခုနှစ် စက်တင်ဘာ ၂၆ ရက် နေ့တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ (သတင်းစဉ်)



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ဂုဏ်ပြုသောအားဖြင့် အလှူခွေနှင့်ဆေးဝါး ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ပြည်လမ်းရိုး အပြည်ပြည်ဆိုင်ရာ စီးပွားရေး ဗဟိုဌာနအဆောက်အအုံ၌ စက်တင်ဘာ ၂၇ ရက်က ကျင်းပရာ အလှူရှင် ဦးစိုးသိန်း (ခနအောင်ကုမ္ပဏီဗီမိတက်)–ဒေါ်ခင်ရီအုန်း (ဒုတိယဥက္ကဋ္ဌကြီး ရေးမှူး)၊ ရှေ့နေရှုပ်ရုံး)တို့က အလှူတော်ခွေ ကျပ် ၁၀ သိန်း လှူဒါန်းရာ လှူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ခနရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်အေး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။

(၅၂၉)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၉-၉-၂၀၀၅)

ဘီးလင်း	–	၆ ဒသမ ၃၀ လက်မ
ကျိုက္ခမီ	–	၄ ဒသမ ၁၇ လက်မ
သထုံ၊ ပင်လောင်း	–	၂ ဒသမ ၇၆ လက်မ
ဗန်းမော်	–	၂ ဒသမ ၄၈ လက်မ
ကန့်ဘလူ	–	၁ ဒသမ ၁၈ လက်မ
မန္တလေး	–	၁ ဒသမ ၀၃ လက်မ
ရွှေဘို	–	၀ ဒသမ ၇၅ လက်မ

● စာတိုမာန်မှ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကို မွန်မြတ်သည့် ရည်ရွယ်ချက် (၇)ရပ်ဖြင့် ဖွဲ့စည်းထားကြောင်း၊ နိုင်ငံ၏ လူဦးရေထက်ဝက် ကျော်သည် အမျိုးသမီးထုကြီး ဖြစ်ကြောင်း၊ အဆိုပါ အမျိုးသမီးထု အင်အားကို တိုင်းပြည်နှင့် လူမျိုး အကျိုးအတွက် ကာကွယ်စောင့် ရှောက်နိုင်မည့် အမျိုးသားရေး အင်အားစုကြီးအဖြစ် တည်ဆောက် သွားနိုင်မည်ဆိုပါက နိုင်ငံတော်၏ အဓိက မျှော်မှန်းချက်ပန်းတိုင် ဖြစ်သော အေးချမ်းသာယာပြီး ဓနတိုး ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တစ်ရပ်ကို တည်ဆောက်နိုင်မည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အောက်တွင် လုပ်ငန်းအဖွဲ့ (၆)ဖွဲ့နှင့် ဌာနကြီး (၆)ဌာနတို့ကို ဖွဲ့စည်းထားကြောင်း၊ ထို့အပြင် ပြည်နယ်နှင့်တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့် ကိုလည်း ဖွဲ့စည်းထားကြောင်း၊ ယခုကဲ့သို့ လှိုင်သာယာစက်မှုဇုန်နှင့် အမျိုးသမီး၀န်ထမ်းများအား တွေ့ဆုံ၍ အသိပညာပေး ဟောပြောရခြင်းမှာ အခြေခံကျသည့် ရပ်ကွက်၊ ကျေးရွာနှင့် မြို့နယ်အဆင့်တို့၌ ကုန်ထုတ် လုပ်ငန်းဆောင်ရွက်နေသည့် အမျိုးသမီးများအနေဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းရပ်များကို သိရှိနွေ့ရစေပြီး၊ မိမိကျရာအခန်းကဏ္ဍမှ နိုင်ငံအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များ အောင်မြင်ဖြစ်ထွန်းရေးနှင့်အတူ ဓာတိမာန် ထက်သန်သော ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အားမာန် ပြည့်ဝသော မြန်မာအမျိုးသမီး မြောက်မြားစွာ ပေါ်ထွန်းရန်လိုအပ်ကြောင်း၊ အမျိုးသမီးများကိုယ်တိုင်က မိမိဆန္ဒအလျောက် ပါဝင်ဆောင်ရွက်ကြမှသာ အမျိုးသမီးထုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ဖြေကြားသည်။

ပညာပေးဟောပြော

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်း အဖွဲ့ခွဲအတွင်းရေးမှူး ပညာရေးစိမ်ကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်လှက **"ဘဝတွက် တာဂျွမ်းကျင်စရာ၊ အလေ့အကျင့် ကောင်းများ"** ခေါင်းစဉ်ဖြင့် အကျယ်တဝင့် အသိပညာပေး ဟောပြောသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ လှိုင်သာယာစက်မှုဇုန်ရှိ ဖိနပ်စက်ရုံ၊ အထည်ချုပ်စက်ရုံနှင့် ဆပ်ပြာစက်ရုံရုံစုံတို့မှ အမျိုးသမီး၀န်ထမ်း ၂၅၀ နှင့် ရန်ကုန်တိုင်း ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင် ၅၀ စုစုပေါင်း ၃၀၀ တို့ တက်ရောက်ကြသည်။

ယင်းနောက် စည်းရုံးရေးဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးနှင့် တာဝန်ရှိသူများသည် တိုင်ရီအပြည်ပြည်ဆိုင်ရာ ဖိနပ်စက်ရုံ လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုပြီး တာဝန်ထမ်းဆောင်နေကြသော အမျိုးသမီး၀န်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံမှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဝန်ကြီးပိုလ်မှူးကြီးဇော်မင်းအား ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၉

သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. M. Khairuzzaman **သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်ဖြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။** (အောက်ပုံ)

ထိုသို့တွေ့ဆုံရာတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှမိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)



တေရဿအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဓာတိသွေး ဓာတိမာန်ထက်မြက်မြင့်မားရန်။

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုဖျော်ဖြေပွဲများ တင်ဆက်မည်

ရန်ကုန် စက်တင်ဘာ ၂၉

တေရဿအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တေရဿအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုဖျော်ဖြေပွဲများကို အောက်တိုဘာ ၁ရက်နှင့် ၂ရက်တို့တွင် ရန်ကုန်ဖြို့ အမျိုးသားဓာတ်ရုံ၌ ညစဉ်ဖျော်ဖြေ တင်ဆက်မည်ဖြစ်သည်။

အဆိုပါ ဂုဏ်ပြုဖျော်ဖြေပွဲများတွင် အနုပညာဦးစီးဌာနနှင့် ယဉ်ကျေးမှုတက္ကသိုလ်တို့မှ အနုပညာရှင်များက အကပဒေသာများဖြင့် ကပြဖျော်ဖြေကြမည်ဖြစ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ **"ထြော်ရုပ်ရှင်"** ပြဓာတ်ကို အကယ်ဒမီရန်အောင်၊ အကယ်ဒမီ ကျော်ရဲအောင်၊ အကယ်ဒမီ စိုးမြတ်နန္ဒာ၊ အရှိုင်း၊ ဇရာနှင့် ကျော်ထူးတို့ ပါဝင် ကပြကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးမှ နန်းဝင်း၊ နန်းခင်မွေး၊ မန္တလေး သိန်းစော်နှင့် မိုးမင်းတို့က ဖျော်ဖြေ တင်ဆက်ကြမည် ဖြစ်သည်။

ဖျော်ဖြေတင်ဆက်

ယင်းနောက် မြန်မာနိုင်ငံ ဂီတ အစည်းအရုံးမှ တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေကြမည်ဖြစ်သည်။ အနုပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့က အောက်တိုဘာ ၁ရက် ညတွင် **"မေဇ္ဈာ ရွှေစောင်း အမွေကောင်း"** ပြဓာတ်ဖြင့်လည်းကောင်း၊ အောက်တိုဘာ ၂ရက်ညတွင် အနုပညာဦးစီးဌာနက **"ဣဠာဝရီ"** ဓာတ်ကြိုးဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။ (သတင်းစဉ်)



အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ နယ်စပ်များမှ တရားမဝင်တင်သွင်း၍ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေး၀ါးများဖြစ်ပါကြောင်းနှင့် ဆေး၀ါးများမှာ အရည်အသွေး အာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်–

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Zema Lotion 15 ml (Salicylic Acid 11. 8%, Resorcinol 3.8%, Phenylic Acid 0.285%)	Union Drug Laboratories Ltd.	Thailand
၂။	Cyproheptadine Hydrochloride Tablet (Cyproheptadine Hydrochloride, Anhydrous 4 mg)	New Life Pharma Co., Ltd.	Thailand
၃။	Wincom-B 1612 Injection 3ml (Thiamine HCl 100 mg, Pyridoxine HCl 100 mg, Cyanocobalamin 1000 mcg)/3ml	Liwinner Pharmaceutical Limited Partnership.	Thailand
၄။	Nivagin 1 G/2 ml Injection (Sodium phenyl-dimethyl-Pyrazolone-methyl-amino-methane sulphonate (Metamizol) 0.5 G, Lidocaine HCl 0.01 G)/ml	T.P Drug Laboratories (1969) Co., Ltd. Bangkok	Thailand
၅။	Vita-M Capsule (Multivitamin & minerals)	Patar Lab Ltd. Part.	Thailand

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေး၀ါးများကို ၀ယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေး၀ါးများကိုသာ စူးစမ်း၀ယ်ယူသုံးစွဲပါရန် မိုးဆော်အပ်ပါသည်။

၃။ ဆေး၀ါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေး၀ါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေး၀ါးများ၊ ဆေး၀ါး၏အတု၊ စံမညီဆေး၀ါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံး၀မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည် ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေး၀န်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၉-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၆း၀၀ ၁။ **အတိဓနေဒဂုမဟာသဒ္ဒမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥဇ္ဇဟမသာရ၏ ပရိတ်တရားတော်**

၆း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၆း၃၀ ၃။ နံနက်ခင်းသတင်း

၆း၄၀ ၄။ သံသာရချိုးအေးမင်္ဂလာတေး

၆း၅၀ ၅။ လှပ်ရှားပုံပြင်စိတ်ဖျော်ဖြင်

၈း၀၀ ၆။ အတီးပြိုင်ပွဲ

၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်

၈း၂၀ ၈။ သံလွင်မြစ်နဒီလက်ခုပ်သံစဉ်

၈း၃၀ ၉။ International News.

၈း၄၅ ၁၀။ English for Everyday Use.

၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄း၃၀ ၃။ Practice In Reading

၄း၄၅ ၄။ **အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒ အထူးပြုများ) (ဓာတုဗေဒ)**

၅း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၅း၁၅ ၆။ ၂၀၀၅ခုနှစ် တေရဿအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊ အရေး၊အတီးပြိုင်ပွဲ၀င်များ လေ့လာနိုင်ကြရန် (ဓမ္မပူဇာတေး) (အခြေခံညာ ၁၅-၂၀နှစ်) (အမျိုးသမီး)

၅း၃၅ ၇။ တိုးတက်ဖွံ့ဖြိုးစိမ်းလန်း သာယာကွမ်းပြည်နယ်နှင့်နှင်းဖြူထော်မှာ

၅း၅၀ ၈။ သုတစုံလင်ရွှောင်ဇာရှင်

၆း၃၀ ၉။ ညနေခင်းသတင်း

၇း၀၀ ၁၀။ မိုးလေဝသအခြေအနေ

၇း၁၅ ၁၁။ **နိုင်ငြိမ်းစာတော်လမ်းတွဲ "ရာစ၀က်ပါ" (အပိုင်း-၂၂)**

၇း၃၀ ၁၂။ နေ့ဂင်းဓော်တေးပဒေသာ

၇း၄၅ ၁၃။ အမြင်သစ်အသွင်သစ်တို့ကျေးရွာ ရှုမဲ့ပြည်နယ် (တောင်ပိုင်း) ရပ်စောက်ဖြို့နယ် ပင်ဖြစ် စံပြကျေးရွာ

၈း၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

၁၈။ **နိုင်ငြိမ်းစာတော်လမ်းတွဲ "မဓုအတူ" (အပိုင်း-၁၆)**

၁၉။ **"သုံးနာရီသုံးဆယ့်ငါး" (အပိုင်း-၁)(သူထူးစံ၊ ပပဝင်းဒင်) (ဒါရိုက်တာ-ရဲ၀ဏ်မင်းဟောင်း တစ်ဦး၊ ချောချစ်ခဲ)**

၂၀။ နေ့ဂင်းစံနေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဖြူးရောမွေးမြူရေးကန်များ ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် စက်တင်ဘာ ၂၉

ပြည်ထောင်စုကြွေနိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်း၀န်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် ရောဝတီတိုင်း ပန်းတနော်ဖြို့နယ် မိုးကုတ် ဒီးဒုတ်ရေနက်ကွင်းရှိ ပြည်ထောင်စုကြွေနိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ဗဟို)က ဆောင်ရွက်လျက်ရှိသော ဖြူးရောကုမ္ပဏီ လိမ်ပိတက်၏ မွေးမြူရေးကန် ၈က ၁၉၀၀ရှိ အမှတ်(၄) ငါးမွေးမြူရေးစခန်းသို့ရောက်ရှိပြီး အသားတိုးကန်များအတွက် ထည့်သွင်းမွေးမြူမည့် ငါးဖျန်းအဆင့်ငါးများ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စခန်းရှင်းလင်းဆောင်၌ စခန်းတာဝန်ခံက ငါးသန်း၊ ငါးဖျန်းပြုစုကန်နှင့် အသားတိုး မွေးမြူရေးကန်များ ဆောင်ရွက်ထားရှိမှုနှင့် အသားတိုးကန်များ၏ ရေအရည်အသွေး နမူနာများကို ရှင်းလင်းတင်ပြရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ရေအရည်အသွေး ကောင်းမွန်အောင် ဂရုပြုဆောင်ရွက်ရေး၊ ကြီးထွားနှုန်းကောင်းမွန်ရေးနှင့် ကြီးထွားနှုန်းတိုင်း ကိရိယာများမှန်ကန်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

မှာကြား

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် အသားတိုးမွေးမြူရေးကန်အမှတ် (၉)သို့ ရောက်ရှိပြီး ကန်၏ကမ်းစပ်နှင့် ရေအလယ်ပိုင်းရေ အရည်အသွေးအခြေအနေ၊ ကိုးလသားရှိ အသားတိုးငါးများ၏ ကြီးထွားနှုန်း၊ ငါးဖျန်းပြုစုကန်ရှိ ငါးဖျန်းအဆင့် ငါးများ၏ ကြီးထွားနှုန်းတို့ကို ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို ဖြည့်စွက် မှာကြားသည်။(သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ညှိုးခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း

ရန်ကုန် စက်တင်ဘာ ၂၉

တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး စည်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်ဖြို့ လှိုင်ဖြို့နယ် ဘုရင့်နောင်လမ်းရှိ အမှတ်(၁) စစ်ကြောရေးနှင့် တည်ခိုရေးစခန်း စည်ကွေ့ခန်းမဆောင်၌ ကျင်းပရာ ဆပ်ကော်မတီဥက္ကဋ္ဌ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ကျော်ဓောနှင့် ဆပ်ကော်မတီဝင်များ၊ ကြိုဆိုနေရာချထားရေးအဖွဲ့ခွဲ၊ စည်ခံကျွေးမွေးရေး အဖွဲ့ခွဲနှင့် သက်သာချောင်ချိရေး အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စည်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်ကျော်ဓောက အဖွဲ့အစည်းအဝေးကို ဖွင့်ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသန့်ဇင်က ပထမအကြိမ်အစည်းအဝေး မှတ်တမ်း ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကြိုဆိုနေရာချထားရေးအဖွဲ့ခွဲဥက္ကဋ္ဌ မြန်မာနိုင်ငံရံဖွဲ့ဌာနချုပ်မှ ဗိုလ်မှူးကြီးသိန်းတင်၊ စည်ခံကျွေးမွေးရေးအဖွဲ့ခွဲဥက္ကဋ္ဌ မင်္ဂလာဒုံတပ်နယ်မှူးဗိုလ်မှူးကြီး ဝင်းနောင်နှင့် သက်သာချောင်ချိရေး အဖွဲ့ခွဲ အတွင်းရေးမှူး မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဒုတိယအထွေထွေ မန်နေဂျာ ဦးတင်ညိုတို့က အဖွဲ့ခွဲအလိုက် လုပ်ငန်းများ ကြိုတင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်း အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဆပ်ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



ရန်ကင်းဖြို့နယ် ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်းအတွက် ဘုရင့်နောင်ပွဲရုံတန်း အသောကလမ်းနေ ဒေါ်သိန်းကြည်နှင့်သား ကိုအောင်ကြည်သိန်းက အလှူတော်ငွေကျပ် တစ်သိန်းကို ရွှေပြည်ဟိန်းဆရာတော် ရှေ့မောက်၌လှူဒါန်းရာ ကဗျိယ ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (က-၀)

တပ်မတော် (ကြည်၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

၂၀၀၅ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် ရန်ကုန်ဖြို့ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

(ခ၁)အုပ်စု ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းအားကစားကွင်း (မင်္ဂလာဒုံ)၌ ကျင်းပသောပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၁၁) ခြေမြန် တပ်ဌာနချုပ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး တောင်ဥက္ကလာပ ဖြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် တပ်မတော်(လေ) အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းတို့ ယှဉ်ပြိုင်ကစား ကြရာ တစ်ဂိုးစီဖြင့် သရေလွဲဖြစ်သည်။ (သတင်းစဉ်)

အထက(၂) ဗိုလ်တထောင် အာစရိယပုဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

အထက (၂) ဗိုလ်တထောင် (စိန့်ဖိလစ်) ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၄ ရက် (တနင်္ဂနွေ)၊ နံနက် ၉ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ၁၉၄၅–၂၀၀၅ ခုနှစ် စာသင်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အသက် (၆၀)ပြည့် ဆရာ၊ ဆရာမကြီးများအနေဖြင့် ကျောင်းအုပ် ဆရာမကြီး(ဇြိမ်း) ဒေါ်ခင်အေးမူ ဖုန်း–၅၅၈၁၄၅၅၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်သန်းသန်းသွယ် ဖုန်း–၂၉၁၅၂၊ ဆရာမ ဒေါ်ခင်သိန်းရီ ဖုန်း–၅၁၀၅၉၈ တို့ထံ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ ကျောင်းသား ဟောင်းများအနေဖြင့် ဦးမျိုးမြင့် ဖုန်း–၀၉၅၁–၃၂၇၇၇၊ ဦးသီဟန် ဖုန်း–၀၉၅၀–၀၅၉၂၂၊ ဒေါ်သီသီလွင် ဖုန်း–၀၉၈၀–၂၁၉၄၆၊ ဒေါ်နီနီယဉ် ဖုန်း–၀၉၅၁–၃၃၉၈၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-၀)

သာသနာရေးဝန်ကြီးဌာနသို့ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၉

ထေရ၀ါဒဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဆောင်ရွက်မှု လုပ်ငန်းများတွင် အထောက်အကူပြုစေရန် ရည်သန်လျက် ရန်ကုန် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ မိခင်ကြီး ဒေါ်လှကြည်က သာသနာရေး၀န်ကြီးဌာနသို့ ကြိုတင်လှူဒါန်းငွေကျပ် ၁၅သိန်းနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ဆွမ်းပဒေသာပင်အတွက် ငွေကျပ်သုံးသိန်း လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် သာသနာရေး၀န်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။


အဆိုပါ အခမ်းအနားသို့ သာသနာရေး၀န်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရဖြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်၊ သာသနာရေး၀န်ကြီးဌာနမှ တာ၀န်ရှိ ပုဂ္ဂိုလ်များ၊ ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ တာ၀န်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဒါရိုက်တာ ဦးထိန်လင်းက အလှူငွေ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရဖြင့်မောင်က လက်ခံပြီး ကျေးဇူးတင် စကားပြောကြားသည်။ (သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၁၉) ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၂၉





မှတ်သုံးမိုးကုန်ဆုံးတော့မည် မိုးနှောင်းခါနီး၊ ဆောင်းရန့်သင်းနေသည့် ကာလနှင့်အတူ ဒို့ကျေးရွာတောင်သူလယ်သမားကြီးများကို အသိပညာဗဟုသုတနှင့် ရသအဖြာဖြာကို ဖြန့်ဖြူးပေးနေသည့် ဒို့ကျေးရွာဂျာနယ်အတွဲ(၂)၊ အမှတ် (၁၉)ထုတ်ဝေလိုက်ပြီ ဖြစ်သည်။ **(ယာမုံ)**

ယခုတစ်ပတ်ဒို့ကျေးရွာဂျာနယ်တွင် တစ်ရွာတစ်မျိုးကုန်ထုတ်တိုးနောင်း၊ ကျေးလက်ရိုးရာ ငါးပိရည်ဟင်းတစ်ခွက်၊ ထူးခြားဆန်းပြားပါး၊ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှု၊ နွားချေးတဲ (သို့မဟုတ်) သဘာဝမြေဩဇာစက်ရုံ၊ ကလေးများ၊ ကျွန်တော်နွားကျောင်းသား၊ ဒေါင်းရွေပညာ၊ ဥဒေါင်း (သို့မဟုတ်) အမြီးဖြန့် ကြက်လူပျိုလှည့်သည့် ငှက်၊ မလေးလက်ဆတ်သဲ ညဲစေချင်သည်၊ တစ်ချိန်က နှင့် မတူသည့် ဇာတိရွာ၊ မြန်မာ့ရိုးရာ မိုးလေဝသ ခန့်မှန်းနည်းများ၊ ရှုမထင်ပင် ဆေးဖက်ဝင် စသည့် ဆောင်းပါးများအပြင် ဝတ္ထု၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းအတိုအထွာများ ဝေဝေဆာဆာဖော်ပြထားသည်။ ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် (၃၀–၃၂) ၁၀လမ်း လမ်းမတော်ဖြို့နယ် ရန်ကုန်ဖြို့ ဖုန်း–၃၇၁၃၃၄၂၊ ၂၅၄၄၅၅၊ ၃၇၉၇၆၈သို့ ဆက်သွယ်ပေးပို့နိုင်သည်။

(သတင်းစဉ်)



ဂုဏ်ပြုဆု

သန်လျင်ဖြို့နယ် အထက(၂) မိတ္တဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်မွန်ဆုပေးပွဲကို စက်တင်ဘာ ၂၄ ရက်က ရတနာစန်းမဲ၌ကျင်းပရာ ၂၀၀၄–၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရင် မောင်သက်ဝေယံအား ကျောင်းအုပ်ဆရာကြီး ဦးအာရဲမြလွင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-၀)

စုပေါင်းဆောင်ရွက်

သံဖြူဇလုံဖြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း စည်ပင်သာယာရေး ဝန်ထမ်းများ ပန်းဆိုးများအတွင်း မြေဩဇာထည့်သွင်းခြင်းနှင့် ပျိုးပင်စုဆောင်းခြင်း လုပ်ငန်းများကို စက်တင်ဘာ ၂၆ရက်က စုပေါင်းဆောင်ရွက်ကြစဉ်။

(ဖြို့နယ်စည်ပင်)



MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀–၉–၂၀၀၅ (ဗေသာကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၁၀	သစ်သီးပင်မျိုးပွားနည်းများ
၇း၂၀	ဓာတ်ကဆစ်အစအဆုံး
၇း၂၅	အနုပညာကြယ်ပွင့်များနှင့် တွေ့ဆုံခြင်း(၇ရောပမံ)
၇း၅၅	ဓာတ်ကဆစ်အစအဆုံး
၈း၀၀	မွှားချို(စံရုပ်ဇာတ်၊ ဝါးခယ်မ ရဲမောင်)
၈း၂၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅	ဓာတ်ကဆစ်အစအဆုံး
၈း၃၀	Sport Pro
၈း၅၀	ဓာတ်ကဆစ်အစအဆုံး
၈း၅၅	ကျန်းအထူးစိုက်ခင်း
၉း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၀	ဓာတ်ကဆစ်အစအဆုံး
၉း၁၅	လွယ်ကူသက်သာမြန်မာ့ဟင်းလျာ
၉း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀	မြန်မာ့ဂုဏ္ဍုပ်(အပိုင်း–၄)
၉း၅၀	မိုးလေဝသခန့်မှန်းချက်
၉း၅၅	ဓာတ်ကဆစ်အစအဆုံး
၁၀း၀၀	အာဟာရနှင့်ကျန်းမာရေး အပိုင်း(၂) (ကျောက်ဘီလူး တင်မောင်ဆွေနှင့် တွေ့ဆုံခြင်း)
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀	ဗိုလ်မြတ်ထွန်းတံတား
၁၀း၄၅	ဓာတ်ကဆစ်အစအဆုံး
၁၀း၅၀	ဝယ်ချင်စရာမျိုးစုံစွာ(၁)
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၁၀း၀၀	EPL Previews
လိုင်း	5-Cartoons(Delay)
၁၀း၃၀	West Bromwich Albion-Charlton Atheltic
လိုင်း	5-Cartoons(Delay)

ဘက်စုံဖြစ်မှုလုပ်ငန်း ဆက်သွယ်လှုပ်ရှားနိုင်

ရန်ကုန် စက်တင်ဘာ ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်ဓာတ်နှင့် ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလ့ဈေတီတော်မြတ်ကြီး၏ ပရိဝုဏ် အတွင်း/အပြင်ဘက်စုံ ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ တည်ဆောက်မှု လုပ်ငန်းများအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သလ့် ဈေတီတော်မြတ်ကြီး၏ ဖုန်း-၀၅၇-၂၁၃၃၄၊ မော်လမြိုင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယမိုလ်မှူးကြီး တင်အောင် ဖုန်း-၀၅၇-၂၄၈၇၈နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄ တို့ထံဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၃၀၇)

မန္တလေးဟော်ကီအသင်းအား ဝတ်စုံများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၉

မန္တလေးတိုင်း ဟော်ကီမျိုးဆက်သစ်လူငယ်များအတွက် အားကစားဝတ်စုံများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၇ရက်က မန္တလေးမြို့၌ ကျင်းပရာ Honda-Peddrolo Water Pump Co.မှ မန္တလေးတိုင်း တာဝန်ခံ ဦးခင်မောင်မြင့်က ပေးအပ်လှူဒါန်းပြီး မန္တလေးတိုင်း ဟော်ကီ အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ မိုလ်မှူးကြီးလှဝင်းက လက်ခံရယူသည်။

(အောက်ပုံ)

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာနှင့် အာရှဟော်ကီအဖွဲ့ချုပ် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်က မန္တလေးတိုင်းတွင် ဟော်ကီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးမည် ဖြစ်ကြောင်း နှင့် ကမ္ဘာ့ဟော်ကီအဖွဲ့ချုပ်နှင့် အာရှဟော်ကီအဖွဲ့ချုပ်များမှ စီမံထားရှိမှုများကို တင်ပြသည်။

(ဟော်ကီအဖွဲ့ချုပ်)



မြန်မာနိုင်ငံဖြောက်ပိုင်းဒေသများတွင် ပိုးလျော့နည်းသွားနိုင်

ရန်ကုန် စက်တင်ဘာ ၂၉

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြိုးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အသင့်အတင့် ရှိနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆း၃၀ နာရီအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံပေါ်ရှိ လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားလျော့ပျက်ပြယ်သွားပြီဖြစ်သည်။

စက်တင်ဘာလ ၃၀ ရက်နေ့ညနေထိခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် အများအားဖြင့် လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးလျော့နည်းသွားနိုင်သည်။



အလှူငွေပေးအပ်

ရန်ကုန်တိုင်း မြောက်ဥက္ကလာပဖြို့နယ် ၈-ရပ်ကွက် ဓမ္မုအေးကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သီလဝိသောခန် နှစ်ထပ်သိမ်တော်ကြီးအတွက် အလှူတော်ငွေ ကျပ် ၁၀သိန်းကို ဦးအောင်ခြည်-ဒေါ်တင်လှိုင် (သစ်ဆန်းအကယ်ဒမီဖန်ချက်စက်ရုံ) ဈေးပြည်သာစက်ယုန်(၁)မှ စက်တင်ဘာ ၁၂ရက်၌ သိမ်တော်ကြီးတည်ဆောက်ရေးအဖွဲ့ ဦးဆောင်နာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလဝုဠာရ္ဘမောက်တင်လှူဒါန်းရာအဖွဲ့ဝင် ဦးမောင်မောင်နှင့် ဦးမျိုးမြင့်အောင်တို့ လက်ခံရယူစဉ်။

(က-ပ)

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်သွား

ရန်ကုန် စက်တင်ဘာ ၂၉

ယနေ့ မြန်မာစံတော်ချိန် နံနက် ၆နာရီ၌ တိုင်းထွာချက်များအရ မြန်မာနိုင်ငံပေါ်ရှိ လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားလျော့ပျက်ပြယ်သွားပြီ ဖြစ်သည်။

(သတင်းစဉ်)



ပြင်ဦးလွင်မြို့နယ် ရဲတပ်ဖွဲ့အတွက် မြန်မာလက်နှိပ်စက်တစ်လုံး လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၉

ပြင်ဦးလွင်မြို့နယ် ရဲတပ်ဖွဲ့သို့ စိုးစံလှကျင်ရေးစခန်း ပြင်ဦးလွင်မှ ဗိုလ်မှူးမောင်လတ်(အငြိမ်းစား)-ဒေါ်နန်းယဉ်ယဉ် မိသားစုတို့က မြန်မာလက်နှိပ်စက်တစ်လုံး လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၃၀ရက်က ပြင်ဦးလွင်မြို့ မြို့နယ်ရဲတပ်ဖွဲ့ရှေ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေ့ဦးစွာ အလှူရှင် ဗိုလ်မှူးမောင်လတ်(အငြိမ်းစား)က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယဗိုလ်မှူးကြော်ခိုင်ဦးထံ မြန်မာလက်နှိပ်စက်တစ်လုံးကို လွှဲပြောင်းပေးအပ် သည်။ ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(အပေါ်ပုံ) (သတင်းစဉ်)

ဒုတိယဝန်ကြီး ပိုလ်မှူးချုပ်အောင်ထွန်းအား ထိုင်းဒုတိယဝန်ကြီးတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Prapas Limpabandhu နှင့်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လိုက်ပါလျက် ယနေ့ နံနက် ၁၀နာရီခွဲ တွင် ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဆိပ်ဖြူမြို့နယ် ဥက္ကဋ္ဌဗလာ၊ ဒေသလုံးဖြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အသက် (၂၅)နှစ်အောက် ရပ်ကွက်/ကျေးရွာ ဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကို စက်တင်ဘာ ၂၂ရက် ညနေ ၃နာရီတွင် ဆိပ်ဖြူမြို့နယ်ပြည်သူ့အားကစားကွင်း၌ ဘောဂရပ်ကွက် ဘောလုံးအသင်းနှင့် အလယ်ပိုင်းရပ်ကွက်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အလယ်ပိုင်းရပ်ကွက် ဘောလုံးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး ပထမရရှိသည့် အလယ်ပိုင်းရပ်ကွက် ဘောလုံးအသင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲလှက ဆုဖလားချီးမြှင့် ပေးသည်။ **(အပေါ်ပုံ)**

ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၄ရက်မှ စတင်ကျင်းပရာ ရပ်ကွက်ကျေးရွာ အုပ်စုများမှ ပြိုင်ပွဲအသင်းပေါင်း ၁၂ သင်းပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

(သတင်းစဉ်)

ယောဆရာတော် တရားဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်း တာမွေအဝိုင်းထိပ်အနီး အောင်ချမ်းသာအိမ်ရာ တိုက်အမှတ်(၉)တွင် တည်ရှိသော အောင်ချမ်းသာသာသနာနုဂ္ဂဟ ဓမ္မာရုံတွင် ဝါတွင်းကာလ ဥပုသ်နေ့တိုင်း မွန်းလွဲ ၂နာရီတွင် သံဃာ တော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားလျက် ရှိသည်။ လာမည် ဥပုသ်နေ့ဖြစ်သော (၁၃၆၇ခုနှစ်၊ တော်သလင်းလကွယ်) အောက်တိုဘာ ၂ရက်(တနင်္ဂနွေနေ့)မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်း နဒ္ဓဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်မှ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ သ-စ-အ ပါဠိပါရဂူ အဂ္ဂမဟာအကျော် အရှင်သိရိန္ဒာ ဘိဝံသ (ယော ဆရာတော်) က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

ကံမြင့်ကျောင်းတိုက်တရားပွဲများ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သိရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက်တွင် ဝါကျွတ်ကာလတရားပွဲများကိုကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၁၆ရက်တွင် ကမ္ဘာ့ဗုဒ္ဓ သာသနာပြု ချမ်းမြေဆရာတော်ဘဒ္ဒန္တ အရှင်ဓနကာဘိဝံသ၊ အောက်တိုဘာ ၁၇ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာ ဘိဝံသ၊ အောက်တိုဘာ ၁၈ရက်တွင် အဘိဓမ္မဟာရဏ္ဍဂုရုသဓူနောဒယ ဆရာတော်ဘဒ္ဒန္တ သန္တနာဘိဝံသ၊ အောက်တိုဘာ ၂၁ရက်နှင့်အောက်တိုဘာ ၂၂ရက်တို့တွင် မန္တလေးမြို့ ရန်ကင်းအေးငြိမ်းရိပ်သာ မောင်းထောင်းမြေဇင်းတောရတိုက်ခွဲ ကနီ နည်းပြဆရာတော် အရှင်ကေလာသ၊ အောက်တိုဘာ ၂၃ရက်တွင် မော်လမြိုင်မြို့ ဖားအောက်တောရ ဆရာတော်ဘဒ္ဒန္တ အာစိဏ္ဏနှင့် နိုဝင်ဘာ ၁၉ရက်မှ ၂၈ရက်အထိ ၁၀-ည တရားပွဲကို ဓမ္မသူတအရှင်ဆေကိန္ဒတို့က ဟောကြားတော်မူမည်ဖြစ်သည်။

(သတင်းစဉ်)

အာရှခရစ်ကက်ကောင်စီ၏ ဖိတ်ကြားချက်အရ စင်ကာပူနိုင်ငံတွင် စက်တင်ဘာ ၁၆ ရက်မှ ၂၁ ရက်အထိကျင်းပခဲ့သော International Curators' 2005 သို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အထွေထွေအတွင်းရေးမှူး ဒေါ်ဆွေဇင်ထိုက်တို့သည် စက်တင်ဘာ ၂၀ က လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွှန့်ဝင်းနှင့် အမှုဆောင်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြစဉ်။ (ခရစ်ကက်အဖွဲ့ချုပ်)



လျှပ်စစ်အန္တရာယ်နှိုးဆော်ချက်

၁။ ယခုနှစ် မိုးရာသီအချိန်တွင် စာတိုလိုက်မှုကြောင့် အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပြည်သူလူထုအနေဖြင့် စာတိုလိုက်မှုအန္တရာယ် ကင်းဝေးစေရေးအတွက် အောက်ပါအချက်များကို သတိပြုကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အသုံးပြုထားသော ဝိုင်ယာကြိုးများ ဆွေးမြည့်ပေါက်ပြဲနေခြင်း၊

(ခ) ဆားဗစ်ကြိုးပေါက်၍ ဆားဗစ်ကြိုးကို ပူးတွဲချည်ထားသော ဝန်ထမ်းကြိုးတွင် စာတိုအားစီးဝင်နေခြင်း၊

(ဂ) မိုးဒဏ်လေဒဏ်ကြောင့် စာတိုကြိုးများပြတ်ကျနေခြင်း၊

(ဃ) စာတိုအားလိုင်းပေါ်သို့ သစ်ပင်ပြိုလဲကျနေခြင်း၊

(င) စာတိုအားလိုင်းပေါ်သို့ သစ်ကိုင်းကျိုးကျနေခြင်း၊

(စ) စာတိုကြိုးနှင့် သစ်ကိုင်းထိနေခြင်း၊

(ဆ) စာတိုတိုင်ကားတိုက်ခံရ၍ လဲကျနေခြင်း၊

(ဇ) စာတိုကြိုးများ ရှောင်ဖြစ်ပြီး မီးများပန်းထွက်နေခြင်း၊


(ဈ) စာတိုကြိုးများလျော့ကျနေခြင်း၊

(ည) စာတိုတိုင်ပေါ်သို့ တာဝန်ရှိသူမဟုတ်ဘဲ တက်ရောက်ခြင်း၊

(ဋ) လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်မရရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၂။ အထက်ပါအချက်အလက်များဖြစ်ပေါ်နေသည်ကို တွေ့ရှိပါက သက်ဆိုင်ရာမြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးများသို့ အမြန်ဆုံးဆက်သွယ်အကြောင်း ကြားကြပါရန်။

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း



ဝန်ကြီး ဦးအောင်သောင်း အဆင့်မြင့် မီးခံအုတ်များထုတ်လုပ်မှုကြည့်ရှု စက်ဘီးစက်ရုံ၊ အပ်ချုပ်စက်ခေါင်းစက်ရုံနှင့် ဘိလပ်မြေစက်ရုံစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် စက်တင်ဘာ ၂၅ရက် ညနေ ၅နာရီတွင် မန္တလေးတိုင်း ကျောက်ဆည်စက်မှုဒေသရှိ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်းအဆင့်မြင့် မီးခံအုတ်စက်ရုံ (ကျောက်ဆည်)စီမံကိန်းသို့ ရောက်ရှိပြီး စက်များတပ်ဆင်ပြီးစီးမှုနှင့် စက်လည်ပတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် အခြောက်ခံစက်တပ်ဆင်ပြီးစီးမှု၊ အခြောက်ခံပြီး အဆင့်မြင့် မီးခံအုတ်များ၏ အခြေအနေ၊ အုတ်ဖုတ်မီးဖို အမှတ်(၂)၏ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းနှင့်ပတ်သက်၍ မှာကြားသည်။

ဆက်လက်၍ တပ်ဆင်ပြီး စက်များဖြင့် အဆင့်မြင့် မီးခံအုတ်ထုတ်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း၊ ထုတ်လုပ်ပြီး အဆင့်မြင့် မီးခံအုတ်များနှင့် ကုန်ကြမ်းပစ္စည်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ စက်ဘီး စက်ရုံ (ကျောက်ဆည်)သို့ ရောက်ရှိပြီး စက်ပစ္စည်းအသစ် တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ အပ်ချုပ်စက်ရုံ (ကျောက်ဆည်)သို့ ရောက်ရှိပြီး အိန္ဒိယနိုင်ငံမှ နည်းပညာရှင်များအား သစ်သီးခြင်း ပေးအပ်သည်။

ယင်းနောက်ဝန်ကြီးသည် အပ်ချုပ်စက်ခေါင်းများကို အရောင်ပြောင်းလဲထားမှုနှင့် ဈေးကွက်သို့ ပေးပို့ရောင်းချမည့် အပ်ချုပ်စက်ခေါင်းနမူနာများကို ကြည့်ရှုသည်။

ထို့နောက် ဘိလပ်မြေစက်ရုံ (ကျောက်ဆည်) ရှင်းလင်းဆောင်၌ ကျောက်ဆည်စက်မှုဒေသရှိ စက်ရုံများမှ အရာထမ်း အမှုထမ်းများနှင့် တွေ့ဆုံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရေး၊ မိမိတို့အား ပေးအပ်သည့်တာဝန်နှင့် ပတ်သက်များကို ကျေပွန်စွာထမ်းဆောင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း ကျောက်ဆည်စက်မှုဒေသရှိ မြန်မာ့ ကြွေထည်မြေထည်လုပ်ငန်း ဘီလပ်မြေစက်ရုံ၏ အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။
(စကၠူ-၁)

ဝန်ကြီးသည် ညပိုင်းတွင် မန္တလေးမြို့ ချုပ်းအေးသာစံမြို့နယ် ကောင်စလင်းတိုက်သစ်ရှိ ပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ မဟာမဂ္ဂကထိက ဗဟုဇနဟိတရေ နိုင်ငံတော် ဗဟိုသံဃာ ဝန်ဆောင် ဘဒ္ဒန္တ တိက္ခအား လျှဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။
(သတင်းစဉ်)



ဒေတ်မီရေချုပ်းစင်အတွက် အလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၉

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ဖရီးမောင့်ဖြို့မှ ဗုဒ္ဓဘာသာဝင်များ၏ ထေရဝါဒ ကပ္ပိယကာရကအဖွဲ့က ရန်ကုန်ဖြို့ ဝေနေယျသုခ ရေချုပ်းစင်အသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဒေတ်မီရေချုပ်းစင်ပေါင်း ရှစ်စင်အတွက် အလှူငွေကျပ် ၁၃ သိန်း ရှစ်သောင်းကို မင်္ဂလာဈေးဘာအဖွဲ့ချုပ် ပရဟိတအဖွဲ့ဥက္ကဋ္ဌ မြတ်မင်္ဂလာစာစောင် အယ်ဒီတာချုပ် ဆရာမင်းယုဇဂေက တစ်ဆင့် ယမန်နေ့နှံ့နက်ပိုင်းတွင် လာရောက်လှူဒါန်းသည်။ **(အောက်ပုံ)**

သန်လျင်ဖြို့ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်တွင် ရေချုပ်းစင်နှစ်စင်၊ အင်းစိန်ဖြို့ အာလိန်ငါးဆင့်ဘုရား၊ မြောက်ဥက္ကလာပဖြို့ မယ်လမုဘုရား၊ ဇလွန်ဖြို့ ပြည်တော်ပြန်ဘုရား၊ ပြည်ဖြို့ ရွှေဆံတော်ဘုရား၊ ဝဲခူးဖြို့ ဖြို့မ စာသင်တိုက်၊ ပုသိမ်ဖြို့ မြောင်းမြပရိယတ္တိစာသင်တိုက်တို့တွင် ရေချုပ်းစင်များ ဆောက်လုပ်ရန် လှူဒါန်းခြင်းဖြစ်သည်။ ပြည်ပရောက်ဗုဒ္ဓဘာသာဝင်များအနက် တစ်ကြိမ်မဝည်း ရေချုပ်းစင် အများဆုံးလှူဒါန်းခြင်းဖြစ်သည်။
(သတင်းစဉ်)

MMA ၏ အင်္ဂလိပ်-မြန်မာ အိတ်ဆောင်အဘိဓာန် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၉

The New Light of Myanmar သတင်းစာစာတည်းရှေ့ချုပ် ဦးမောင်မောင်အေး ပြစုသည့် အသုံးအတွင်ကျယ်ဆုံးဝေါဟာရများ အင်္ဂလိပ်-မြန်မာအိတ်ဆောင်အဘိဓာန် **(ယာပု)**ကို သိမ်ဖြူလမ်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် စာပေဗိမာန်စာအုပ်ဆိုင်များ အပြင် ရန်ကုန်၊ မန္တလေး၊ နယ်စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။
(သတင်းစဉ်)



သတိပေးနှိုးဆော်ချက်

၁။ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးခိုင်း)ပစ်ဖောက်ခြင်းဖြင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးခိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၄ ခုနှစ်၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးခိုင်း)များအား-

(က) ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု ၂၀၇ မှုတွင် တရားခံ ၂၁၀အား အနည်းဆုံး ထောင်ဒဏ်နှစ်နှစ်မှ အများဆုံးထောင်ဒဏ်သုံးနှစ်အထိ ချမှတ်အရေးယူခဲ့သည်။

(ခ) ဖောက်ခြင်း၊ ပစ်လွှတ်ခြင်းများ ပြုလုပ်သဖြင့် အရေးယူမှု ၁၀၇မှုတွင် တရားခံ ၁၆၀အား အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၅ ခုနှစ်၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးခိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ အောက်ပါအတိုင်း အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(က) ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေအရ အများဆုံး ထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ခ) ပစ်လွှတ်သည့်နေရာ အနီး၊ အဝေး၊ အန္တိမ်နှင့် အဖြင့်တို့တွင် ပေါက်ကွဲစေတတ်သော ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးခိုင်း)ဖောက်လျှင် တည်ဆဲဥပဒေအရ အများဆုံး ထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ



ရန်ကုန်ဖြို့နေ ဦးလှတင်-ခေါ်စော မြေအေး မိသားစုက အလှူငွေ ကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း(၁၆/၂) ရပ်ကွက် သဃ်ိန်းကျွန်းဖြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ပြန်ကြားရေးအဖွဲ့ ခေါင်းဆောင် ဦးချိုသန်းက လက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်စဉ်။
(က-ပ)

အထက(၆)အလုံ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

အထက(၆)အလုံမှ ၁၉၉၉-၂၀၀၀ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် စုံညီပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ရက် (အမျိုးသားနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြရန်နှင့် အလှူငွေ လှူဒါန်းလိုသူများသည် ဦးဇော်သူမောင် ဖုန်း-၀၉၈၀-၃၁၇၄၇၊ ၅၇၈၇၈၆၊ ဦးမျိုးသော်ဇင် ဖုန်း-၅၃၅၀၁၉၊ ဦးနေထွန်း ဖုန်း-၅၁၁၁၄၆၈၊ ဒေါ်ညိုဇင်ဝင့် ဖုန်း-၂၂၁၁၆၀၊ ဒေါ်လေးအိစ ဖုန်း-၀၉၅၀-၁၇၁၀၉၊ ဒေါ်ခင်ခင်သူ ဖုန်း-၂၂၇၃၇၇တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၉-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၆း၀၀ ၁။ မြဝတီအဖွင့်
၆း၀၅ ၂။ အဖွင့်သီချင်း
၆း၁၀ ၃။ ဗျိုးရုစ်တပ်မတော်
၆း၂၀ ၄။ မြန်မာ့ပြည်တစ်ဝန်း-ရောင်စုမှတ်တမ်း
၆း၃၀ ၅။ မြန်မာသံစဉ်ချိန်းဝင်
၆း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၅ ၇။ ဖွဲ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွဲ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပ်ချုပ်နှုတ်ဆက်ကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပန်ဂီတသံ
၄း၁၅ ၄။ ရင်နှစ်ခြီးဆင်းအချစ်သီချင်း
၄း၂၅ ၅။ နားဝင်ပြဿီးသီချင်းကြီး
၄း၃၀ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၈။ **အဝေးသင်ပညာရပ်ဖို့ချမှုအစီအစဉ် -Linear Regression. (ပထမနှစ်-မီးငွေးရေးပညာ-အိမ်တွင်းမီးငွေးရေးအထူးပြု)**
၅း၄၅ ၉။ သာယာသင်ကြားခေတ်ဆန်းစား
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေသသတင်း
၆း၂၅ ၁၃။ ဖွဲ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၄။ **လျှပ်တစ်ပြက်မိုက်ချက်**
၇း၀၀ ၁၅။ **ရသနုံလင်ရုပ်မြင်စာတ်လမ်း "ပုံသာပျံပါထက်အာကာ" (အပိုင်း-၁၁)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွဲ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆော
၁၉။ **(၄၁)နှစ်မြောက် မြန်မာနိုင်ငံခံစာပံ့ပို့ နှစ်တက်လည်နေ့ရက်ပြုစာတ်လမ်း (စာဆရာမော်ကွန့်) ဒါရိုက်တာ-မျိုးစော်အောင် သရုပ်ဆောင်-ကျော်ဇာ၊ မင်းဦး၊ ဝေဠုကျော်၊ သူထူး၀၊ စိုးမြတ်နှမ်၊ ဆုရွှန်းလဲ့၊ ဝါဝါအောင်**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပ်ချုပ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။



နှစ်ထပ်ကျောင်းဆောင်အတွက် ငွေများလှူဒါန်း

ဖျာပုံ စက်တင်ဘာ ၁၄

ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသည့် မဏ္ဍိရတနာအမှတ်(၂) နှစ်ထပ်ကျောင်းဆောင်၏ သီးသန့်ကျက်သရေဆောင်ခန်းအတွက် ကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၇ရက်က ဖျာပုံမြို့(၁)ရပ်ကွက် ချောင်းတွင်းလမ်းမကြီး အလှူရှင်မိသားစု နေအိမ်တွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လ ကြွရောက်တော်မူပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် ကျိုက္ကမြို့ဝန်ဘုရားကြီး ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။ ထို့နောက် အလှူရှင်မိသားစုများဖြစ်ကြသည့် ဦးဝင်း–ဒေါ်စိန်မြ၊ သား မောင်ခင်ဝင်းဦး၊ သမီး မမြင့်မြင့်နှင့် မြေး မောင်ကျော်မျိုးနိုင်၊ မောင်ဇော်မျိုးလတ်တို့က အလှူငွေကျပ်သိန်း ၂၀ပေးအပ်လှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က လက်ခံရယူသည်။ **(၃၈၃)**

စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

ထားဝယ် စက်တင်ဘာ ၂၄

ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျေးရွာစာကြည့်တိုက်များတွင် အသုံးပြုရန် စာအုပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၉ ရက်က ထားဝယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းလွင်၊ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဦးအေးဖေ၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးထွန်းမြင့်၊ ကျေးရွာဥက္ကဋ္ဌများနှင့် ရပ်ကွက်ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းလွင်က အမှာစကားပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုယ်စား မြို့နယ်ဥက္ကဋ္ဌက စာအုပ်များ လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌများကိုယ်စား ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဦးအေးဖေက လက်ခံရယူသည်။ ကျေးရွာစာကြည့်တိုက်များသို့ ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ သုတ၊ ရသ စာအုပ်ပေါင်းစုံ ၅၀၀၀ကျော် လှူဒါန်းသည်။ **(ခရိုင်ပြန်/ဆက်)**



ကျေးလက်ရေရှိရေး ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ပခုက္ကူ စက်တင်ဘာ ၂၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနစည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးကျော်နှင့် တာဝန်ရိုသူများ လိုက်ပါလျက် စက်တင်ဘာ ၂၁ ရက်တွင် ပခုက္ကူမြို့ သာယာလှပရေး၊ မြကန်သာပန်းခြံ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှုလုပ်ငန်းများနှင့် မြို့ငြိမ်းမြို့နယ် ကျွဲတွင်းရွာတွင် ကျေးလက်ရေရှိရေး အတွက် ဦးစီးဌာနပိုင် တွင်းတူးစက်ကြီးဖြင့် လေးလက်မ စက်ရေတွင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအရည်အသွေး ပြည့်မီမှန်ကန်စွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ဗိမာန်မကျေးရွာတွင် ဦးစီးဌာနပိုင် တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်း တူးဖော်နေမှုအား လည်းကောင်း၊ ဝွေးပင်ကွင်းရွာတွင် ဦးစီးဌာနပိုင် တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်း တူးဖော်မှုများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာလူကြီးများအား တွေ့ဆုံကာ နိုင်ငံတော်အကြီးအကဲ၏ စေတနာကြောင့် ဖြစ်ပေါ်လာသော စက်ရေတွင်း၊ ရေကန်၊ ရေစက်ရုံများအား ရေရှည်သုံးစွဲနိုင်ရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ကျန်းမာရေးအတွက်ဆောင်ရွက်

အောင်လံ စက်တင်ဘာ ၁၀

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ရွာနေပြည်သူလူထုကျန်းမာရေးအတွက် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ၁၀ရက်က ခြင်္ဂယင်၊ ပိုးမွှားအန္တရာယ် နှိမ်နင်းရေးအတွက် မြို့ပေါ်ရှိ ရပ်ကွက်များ၊ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ အခြေခံပညာ မူလတန်းကျောင်းများနှင့် ဈေးများတွင် ဆေးဖျန်းကိရိယာ ဖြင့်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ်စည်ပင်)



ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည် တည်တံ့ခိုင်မြဲရေး ဆွေးနွေး

မော်ဘီ စက်တင်ဘာ ၂၆

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက်နံနက်က မော်ဘီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်၊ ရန်ကုန်မြောက်ပိုင်း ခရိုင်ဦးစီးအရာရှိ ဦးမြသင်း၊ မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာ စာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်ကြသည်။

ဆွေးနွေး

အလားတူပင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့မှန်းလွဲ၁နာရီတွင် ရောက်ရှိပြီး ကျေးရွာအသီးသီး၏ စာကြည့်တိုက်တာဝန်ခံများနှင့် တွေ့ဆုံကာ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

(ခရိုင်ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို မျိုးဆက်ဆီမီးအမှတ် အကြိုလှုပ်ရှားမှု ဆောင်ရွက်

လားရှိုး စက်တင်ဘာ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အကြို လှုပ်ရှားမှု အခမ်းအနားကို လားရှိုးမြို့ဆင်းရွေလီ ဘိုးဘွားရိပ်သာတွင် စက်တင်ဘာ ၂၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန့်စင်နှင့် အဖွဲ့ဝင်များက ဆင်းရွေလီ ဘိုးဘွားရိပ်သာမှ အဘိုး ရှစ်ဦးနှင့် အဘွား ၂၁ ဦးတို့အား တစ်ကိုယ်ရေ သန့်ရှင်းရေးများ ဆောင်ရွက်ပေးကြပြီး အဘိုး၊ အဘွားများ၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးစကားများ ပြောကြားပြီး ဆင်းရွေလီ ဘိုးဘွား ရိပ်သာဝင်းအတွင်း ရေတာမာနှင့် နွယ်သာကီ ၃၆ ပင်ကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် နာယက ဒေါ်ခင်သန့်စင်သည် တွဲဖက်ပြည်နယ်ကျန်းမာရေးရေးဒေါက်တာဦးအောင်ဝင်း၊ လားရှိုးမြို့အထွေထွေရောဂါကု ဆေးရုံအုပ်ကြီးနှင့် အထွေထွေရောဂါကု၊ အထူးကုဆရာဝန်ကြီးများဖြင့် ကျန်းမာရေး စောင့်ရှောက်ကုသမှုခံယူနေသောအဘိုး၊အဘွားများအား ကြည့်ရှုအားပေးခဲ့သည်။ **(အပေါ်ပုံ) (က–ပ)**



ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြဝတီတရေး ကမ်းနားလမ်း တစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းတူးမော်နေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းစော် စက်တင်ဘာ ၁၂ ရက်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) ဦးမိုးရန်နိုင်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



ကြေးမုံ The Mirror မြို့နယ်သတင်းများ

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြေသားရေလောင်းကန်အား အဖွဲ့ရန်ပုံငွေကျပ် ၉၀၀၀၀၀ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၏ ပံ့ပိုးကူညီမှုဖြင့် စက်တင်ဘာ ၁၇ ရက်က စက်ယန္တရားအသုံးပြု၍ တူးဖော်ဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကြီးနှင့် အမှုဆောင် အရာရှိ ဦးသန်းဦးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ဦး လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်တစ်ခွင် မှုံမြို့စည်ပင်



ဖျာပုံ ခရိုင်ဘို က လေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြို့နယ်ကြန်ခြေနီတပ်ဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာ့ရေဦးပြုဖြစ်ခြင်း ဧရာ နှင့် ရေးဦးသူနာပြုဖြစ်ခြင်း သင်တန်းအမှတ်စဉ် (၂/၂၀၀၅)သင်တန်းသင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၉ ရက်က ရှိကြည် သာသနာ့ဗိမာန်၌ ကျင်းပရာ ဆုရကျောင်းသူတစ်ဦးအား မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဆုပေးအပ်ချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)

ကွင်းဆင်းစစ်ဆေး

ညောင်တုန်း စက်တင်ဘာ ၂၅

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးတို့သည် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခွင့်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဇီးဖြုကျန်း–သရက်ရေကျော်လမ်းကျောက်ခြောလမ်းခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၅ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် ဧရာဝတီတာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသသည်။

(မြို့နယ်/ပြန်ဆက်)



ကျောင်းကျန်းမာရေးပညာပေးဟောပြော

နတ်မောက် စက်တင်ဘာ ၂၀

မကွေးတိုင်း နတ်မောက်မြို့နယ် ပင်မြို့ဟောင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၉ ရက်က ကျင်းပရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က အဖွင့်အမှာစကား ပြောကြားပြီး ရွှေပန်းတော တိုက်နယ် ဆေးရုံဆရာဝန် ဒေါက်တာလဲ့လဲ့ညို၊ ကြီးကြပ်(၁) ဦးသိန်း၊ ကျန်းမာရေး ဆရာမဒေါ်အေးအေးခွဲတို့က တစ်ကိုယ် ရေသန့်ရှင်းရေး၊ ဝမ်းပျက်၊ ဝမ်းလျော ရောဂါ ကာကွယ်ရေးနှင့် အိပ်ချိန်ခိုင်ဖို၊ အေးဆိုင်ဒီအက်(စ်)ရောဂါများအကြောင်း သိကောင်းစရာများ ဟောပြောကြသည်။ **(မြို့နယ်ပြန်/ဆက်)**



မိဘနှစ်ပါးနှင့် ဦးစောနိုင်၊ (သား) မောင်တင်ယုတို့အား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် သံသုမာလမ်းနေ ဒေါ်ညွှန့်တင် မိသားစုက ဥက္ကလာပစေတီတော်ကြီး ရွေသင်္ကန်းကပ်လှူပူဇော်ရန်၊ နှစ်ကျိပ်ရှစ်ဆူ သိမ်တန်ဆောင်းကြီး ဆောက်လုပ်ရန်နှင့် ယောဂီဆောင်ဆောက်လုပ်ရန် အလှူငွေကျပ် နှစ်သိန်းကို စက်တင်ဘာ ၂၃ ရက်က မဟာမုနိမ္မာရုံကြီးတွင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဖြင့်သွင်နှင့် ဂေါပကအဖွဲ့ဝင် ဦးကျော်ဦးတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (၆၄)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်



ရန်ကုန်တိုင်း ဆိပ်ကြီး ဧရာဝတ် တိုင်္ဂြိုလ်နယ် မိုးကောင်းပရိယတ္တိ စာသင်တိုက်၏(၁၁)ကြိမ်မြောက် စာအောင်သံဃာ ဂုဏ်ပြုပွဲကို စက်တင်ဘာ ၂၅ရက်ကကျင်းပရာ စာအောင် သံဃာတစ်ပါးအား ပရိယတ္တိသာသနာ့နာရုဟ အသင်းဥက္ကဋ္ဌ ဦးကျော်ဘ စာအုပ် စာတမ်းနှင့် လူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းစဉ်။ (က–ပ)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလ္လစေတီတော်မြတ်ကြီး ဘက်စုံ ပြုပြင်တည်ဆောက်ရေးအတွက် အလှူငွေ ပေးအပ်ပွဲကို စက်တင်ဘာ ၂၅ရက်က ကျင်းပရာ အလှူရှင်ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်တွဲဖက်အတွင်းရေးမှူး ဦးရဲဖြင့်၊ အမှုဆောင် ဦးသန်းအေးတို့က ဝေနေယျသုခရေချမ်းစင်အသင်းမှ ငွေကျပ် ၃၇၅၀၀၀တန်ဖိုးရှိ ရေချမ်းစင်နှင့် ရောနှစ်ကပ်ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (၃၀၇)

ကြေးမုံ The Mirror
မြို့နယ်သတင်းများ

ဒေါ်သန္တာအောင်[၁၁/ဓဖန(နိုင်)၀၀၁၁၆၀]နှင့်အများသိစေရန်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လမ်း(၇၀)၊ အပေါ်လမ်း၊ အမှတ်–၁၅၉(၃လွှာ)တွင် နေထိုင်သော ဦးအောင်သိန်း[၁/လန(နိုင်)၁၂၅၈၅၅]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးအောင်သိန်းနှင့်ဒေါ်သန္တာအောင်တို့သည် ၂၇–၆–၉၇နေ့မှစ၍ တရားဝင် ပေါင်းသင်းလာကြရာ နှစ်ဦးပိုင်ပစ္စည်းအဖြစ်–

၁။ တာမွေမြို့နယ်၊ ကျောက်/ထက်ရပ်ကွက်၊ ဒဂုံသိရိလမ်း၊ အမှတ်(၉၃)၊ ၆လွှာ(ခေါင်းရင်း၁နန်း)(၁)ခန်း။

၂။ နေရှင်နယ် ရေခဲသေတ္တာ(၁)လုံး။

၃။ နေရှင်နယ် အဝတ်လျှော်စက်(၁)လုံး။

၄။ ပိုင်ဆိုင်နိုးယားဒီဇီဒီကက်စက်နှင့်စတီကာ(၂)လုံး။

၅။ ၈'ပြိတ်တုဇလောင်းနှင့် ရုပ်မြင်သံကြားဖေါ်စက်(၁)စုံ။

၆။ ၂၁" တိုရှီဘာ တီဗွီ(၁)လုံး။

၇။ အယ်လ်ဂျီ လေအေးစက်(၁)လုံး။

၈။ ယမဟာအော်ဂင်(၁)လုံး။

၉။ ကာလတန်ဖိုး သိန်း(၃၀)ခန့်ရှိ လက်ဝတ်လက်စားပစ္စည်းများနှင့်

၁၀။ အိမ်ဆောင်ပရိဘောဂပစ္စည်းများဖြစ်ကြောင်း ဖြစ်စဉ်ခဲ့သည်။

အဆိုပါ ရွှေပြောင်းနိုင်သော/မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ဦးအောင်သိန်း၏ စာဖြင့်ရေးသားထားသော သဘောတူစွန့်ပြုချက် တစ်စုတစ်ရာမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လွှဲပါန်းခြင်း၊ တခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးတင်မောင်အေး(ဗန်းမော်)
B.A(Law);LL.B
တရားရုံးချုပ်ရှေ့နေ(စဉ်–၂၄၄၀)
အမှတ်၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

(မြည်တွင်းခဲ့ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ Roller Operator – ကျား (၆)ဦး
၂။ Bulldozer Operator – ကျား (၄)ဦး
၃။ Dump Truck Driver – ကျား (၁၀)ဦး
၄။ တရတ်–မြန်မာစကားပြန် – ကျား/မ (၅)ဦး

အမှတ်စဉ်(၁–၂–၃) ရာထူးများအတွက် သက်ဆိုင်ရာ ယာဉ်/ယန္တယားများကို ကျွမ်းကျင်စွာ ကိုင်တွယ်မောင်းနှင်တတ်ရမည်ဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိရမည်။ အသက်(၄၅)နှစ်ထက် မကြီး၊ (၂၅)နှစ်အောက် မငယ်သူ ဖြစ်ရမည်။ လျှောက်လွှာပိတ်ရက်မှာ (၂၃–၁၀–၂၀၀၅)ရက်နေ့ဖြစ်ပြီး လူတွေ့ စစ်ဆေးမေးမြန်းမည့်ရက်မှာ (၂၅–၁၀–၂၀၀၅)ရက်နေ့ဖြစ်သည်။

အမှတ်စဉ်(၄)ရာထူးအတွက် တရုတ်–မြန်မာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးသားပြောဆိုနိုင်သူဖြစ်ရမည်။ အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။ ရုပ်ရည်သပ်တင့်ရှိပြီး သွက်လက်ချက်ချာသူဖြစ်ရမည်။ လျှောက်လွှာပိတ်ရက်မှာ (၈–၁၀–၂၀၀၅)ရက်နေ့ဖြစ်ပြီး လူတွေ့စစ်ဆေးမေးမြန်းမည့်ရက်မှာ (၁၀–၁၀–၂၀၀၅)ရက်နေ့ဖြစ်သည်။

စိတ်ပါဝင်စားသူများသည်

- လိုအပ်သောစာရွက်စာတမ်းအထောက်အထား
- အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်
- အလုပ်သမားမှတ်ပုံတင်မိတ္တူ
- နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတို့နှင့်အတူ

အမှတ်စဉ်အားလုံးအတွက် အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာများကို အမှတ် (၄၁၄/D1)၊ (၃၅)လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့သို့ သတ်မှတ်ရက်အတွင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

အသိပေးကြေညာချက်

မြေကွက်ရယူထားသူများအား အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ယုဇနရပ်ကွက်၊ ခေမာသီရိရပ်ကွက်၊ မြို့သစ်ကြီးရပ်ကွက်၊ အေးမြသာယာရပ်ကွက်၊ ဒူကထောင်ရပ်ကွက်၊ မန်ခိန်ရပ်ကွက်၊ စီတာပုရပ်ကွက်၊ စက်မှုဇုန်ရပ်ကွက်များတွင် မြေကွက်များ နေရာချထားပေးခဲ့ရာ ယနေ့အချိန်အထိ မြေကွက်ရယူထားသူများမှ နေအိမ်အဆောက်အအုံဆောက်လုပ်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်၍ အိမ်မြေကွက်ရယူထားသူများသည် ယခုကြေညာသည့် နေ့ရက်မှစ၍ ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၅ရက်နေ့အတွင်း နေအိမ်အဆောက်အအုံများ ဆောက်လုပ်မှုမရှိပါက မြေကွက်အား ပြန်လည်သိမ်းယူ၍ လိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့မြေနေရာချထားရေးကော်မတီ
ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
မြစ်ကြီးနားမြို့။
ဖုန်း–၀၇၄–၂၂၇၃၁။

အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုစဉ်ပြဒေအမိန့်–၄၁၊ နည်း–၁၄)

ရန်ကုန်တိုင်းတရားရုံးတော်၌

၂၀၀၅ခုနှစ် တရားမအယူခံမှုအမှတ်–၁၁၈

ဦးတင်အောင် နှင့် ၁။ဦးဂျမိုက်ကယ်
အမှတ်(၂၀)၊(ပ)ထပ်၊ခြေရင်းခန်း၊ ဇောတ်ကလမ်း၊မြေနီကုန်း(တောင်)၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ (ယခုနေရပ်လိပ်စာမသိသူ)
၂။ဦးကံထွန်း
အမှတ်(၂၆)၊ ၅–လွှာ၊ရန်ကင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

အယူခံတရားလို **အယူခံတရားပြိုင်များ**

[၂၀၀၀ပြည့်နှစ် အနောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး–၆ ရုံးတော်၏ ၇–၆–၂၀၀၅ရေနေ့စွဲပါ ဇာရီမူအမှတ်(၁၀၃)၏ အမိန့်ကို အယူခံမှု

အထက်အမည်ပါ အယူခံတရားပြိုင် (၁)ဦးဂျမိုက်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

ယခုအမှုတွင် အနောက်ပိုင်းခရိုင် တရားသူကြီး(၆)ရုံးတော်က ချမှတ်ပေးသည့် ဒီကရီကို အယူခံတရားလို ဦးတင်အောင်က အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၀၅ခုနှစ် အောက်တိုဘာလ ၁၄ရက်နေ့တွင် (၁၃၆၇ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ရက်)နေ့တွင် ဆိုင်ရန်ဤရုံးတော်က ချိန်းဆိုလိုက်ပါသည်။) သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရေ့ရေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်–၄၁၊ နည်းဥပဒေ–၂၂အရ ကန့်ကွက်လိုလျှင် အမိန့်–၄၁၊ နည်းဥပဒေ–၂၂အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံ တင်သွင်းရမည်။

၂၀၀၅ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်ဝင်း(တွဲဖက်တိုင်းတရားသူကြီး–၈)
ရန်ကုန်တိုင်းတရားရုံး။

သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဦးအောင်မြတ်လမ်း၊ အမှတ်–၃/ ၂၉၈နှင့်၄တ်သက်၍ အများသိစေရန်

ကျွန်ုပ်အမှုသည်များဖြစ်ကြသော ကွယ်လွန်သူ ဦးဘရင်၏ သားများဖြစ်ကြသည့် ဦးသန်းလွင် [၁/သလန(နိုင်)၀၇၃၈၅]၊ ဦးသန်းဆွေ[၁/သလန(နိုင်)၀၂၈၄၂၂]၊ ဦးတင့်ဆွေ[၁/မဂတ(နိုင်)၀၁၆၀၈]၊ ဦးကျော်ဆွေ[၁/ကမရ(နိုင်)၀၂၀၉၉၀]၊ ဦးဘဆွေ[၁/ကမရ(နိုင်)၀၃၅၄၁၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံမှာ ကွယ်လွန်သူ ဟာဂျီနုရဲခန်(ခ) ဦးဘရင်၏ ကိုယ်ပိုင်ဆွေကြေးဖြင့် မူလကတည်းက သားဖြစ်သူ ဦးမျိုးလွင်အမည်ဖြင့် အမည်ပြောစာရင်းတွင် ဝယ်ယူဆောက်လုပ်ခဲ့သော ပစ္စည်းများဖြစ်ကြောင်း ကျန်ရစ်သူ သားများနှင့် ပတ်သက်၍ ကွယ်လွန်ခဲ့ပြီးဖြစ်၍ ကျန်ရှိသော ဖော်ပြပါ ဥပစာနှင့် ပတ်သက်ပြီး ကျန်ရစ်သူသားများမှ အမွေဆက်ခံခွင့်ရှိသည့်အတွက် လက်ရှိထိန်းသိမ်းစောင့်ရှောက်လျက် ရှိပါသည်။

ယင်းဥပစာနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသော စာချုပ်စာတမ်းမူရင်းများမှာ လည်း သားများလက်ဝယ်တွင် ရှိနေပါကြောင်းနှင့် မည်သူတစ်ဦး၊ တစ်ယောက်ကိုမျှ အမွေခွဲဝေပေးခြင်း၊ လွှဲပြောင်းပေးအပ်ထားခြင်း၊ ရောင်းချ၊ ပေါင်နှံထားခြင်း မရှိပါကြောင်းနှင့် တစ်စုံတစ်ဦးမှ ကျန်ရစ်သူသားများ၊ မသိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အလွဲသုံးစားပြုခြင်းတို့ကို ဆောင်ရွက်ပါရန်နှင့် အကယ်၍ ဆောင်ရွက်ထားသည့် အရွယ်အရင်း များရှိပါကလည်း ဆောင်ရွက်ထားသူတို့၏ တာဝန်သာဖြစ်ပါကြောင်းနှင့် ကျန်ရစ်သူသားများနှင့်လည်း ပတ်သက်မှု မရှိပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ညွှန်ကြားချက်အရ–
ဦးမြင့်သိန်း (၃၂၃၃)
B.A(Law),LL.B, D.B.L,D.M.L,D.I.L
တရားရုံးချုပ်ရှေ့နေ

အိမ်– **ရုံး–**
၄၅၆၊ ၄လွှာ၊ သိမ်ဖြူလမ်း၊ **အခန်းအမှတ်(၀၀၄–အေ)**
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ **အမှတ်(၉/၁၁)၊ ခုမြေလမ်း(လမ်း၀ဘို)၊**
ရန်ကုန်မြို့။ ဖုန်း–၃၈၆၄၇၅ **ကျောက်တံတားမြို့နယ်၊ ရန်ကုန်။**
ဖုန်း–၀၉၅၁–၂၄၈၀၅

ရွှေဂုန် အဆင့်မြင့်ခွဲခန်းရုံ (အပေါ်ထပ်)
☎ ၃၃၆၅၅၅၊ ၃၃၆၅၅၆
JUNG
၁၁း၀၀ နာရီ ၂း၁၅ နာရီ ၅း၃၀ နာရီ ၈း၄၅ နာရီ
ရွှေဂုန် အဆင့်မြင့်ခွဲခန်းရုံ (ဓမြည်ထပ်)
ရင်ဝှက်ပန်း
၁၁း၀၀ နာရီ၊ ၂း၀၀ နာရီ၊ ၅း၀၀ နာရီ၊ ၈း၀၀ နာရီ
မြို့ပြ – ၃၀၊ ၉၊ ၂၀၀၅ တည်နေရာ ➤ ဓိုလ်ချုပ်အောင်ဆန်းလမ်း၊နှင့်(၃၆)လမ်းထောင့်၊ မြို့ပြ – ၃၀၊ ၉၊ ၂၀၀၅
မြို့မဇနပ်ခွင့်ခံရသော . . . ခွပ်/သံကောင်းလွန်းလို့ . . . လူတိုင်းကြည်ကြတယ်၊
မြို့မဇနပ်းဖြင့်ခွပ်ရှင်ရုံ
BAAZ
☎ : ၃၃၆၅၅၅၊ ၃၃၆၅၅၆
Starring:
JACKIE SHROFF, SUNIEL SHETTY, KARISMAKAPOOR, DINOMOREA
ပွဲဆိုက်သတိပြု
၁၁ : ၀၀ နာရီ
၂ : ၁၅ နာရီ
၅ : ၃၀ နာရီ
၈ : ၄၅ နာရီ
အကယ်ဒမီဆု ရာစ်ကားဆယ်ကြိုး
- ၃၀၊ ၉၊ ၂၀၀၅ တွင်စပြပြီ -
တည်နေရာ ➤ ဓိုလ်ချုပ်အောင်ဆန်းလမ်းနှင့်(၃၆)လမ်းထောင့်၊

တစ်နိုင်ငံလုံးကို ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လှမ်းခြုံပေးနိုင်ရန် ကြိုးပမ်းလျက်ရှိ ပြည်တွင်းခြံ ဘွဲ့လွန်ပညာရှင်များကို ပါရဂူဘွဲ့အထိ တိုးချဲ့လေ့ကျင့် ပျိုးထောင်ပေးနေ

မြန်မာနိုင်ငံမှ လေ့ကျင့်မွေးထုတ်လိုက်သော ဆေးပညာရှင်များ၏ အရည်အသွေးမြင့်မားကြောင်း နိုင်ငံတကာက အသိအမှတ်ပြုထား

ရန်ကုန် စက်တင်ဘာ ၂၉

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဘွဲ့လွန်ဆေးပညာသင်ကြားရေး နီးနေ့ဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဘွဲ့လွန်ဆေးပညာသင်တန်း ဥက္ကဋ္ဌများ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့





ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဘွဲ့လွန်ဆေးပညာသင်ကြားရေး နီးနေ့ဖလှယ်ပွဲ ဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဇာတိမာန်ထက်သန်သော၊ ဘက်စုံပို့ပြီးသော မြန်မာအမျိုးသမီး မြောက်များစွာ ပေါ်ထွန်းရန်လို အမျိုးသမီးများကိုယ်တိုင် ဆန္ဒအလျောက် ပါဝင်ဆောင်ရွက်မှ အမျိုးသမီးထုကြီး ပို့ပြီးတိုးတက်မည်

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးပွားကျင်းပသော အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာဖြို့နယ် အမှတ်(၃)စက်မှုဇုန် ဖန်ချက်ဝန် ဦးရွှေဆိုးလမ်းရှိ တိုင်ရီအပြည်ပြည်ဆိုင်ရာ ဖိနပ်စက်ရုံခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွှန့်ညွှန့်ဦးက အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၉ ကော်လံ ၁ သို့

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးပွားကျင်းပသော အသိပညာပေးဟောပြောပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာဖြို့နယ် အမှတ်(၃)စက်မှုဇုန် တိုင်ရီအပြည်ပြည်ဆိုင်ရာ ဖိနပ်စက်ရုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦး အမှာစကားပြောကြားစဉ်။ (အမျိုးသမီးရေးရာ)





နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* နိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဧကော်မိုဖွယ်ရှိ တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြိုးစားရေးနှင့် ပညာရည်မြင့်မားရေး